

# ရာဇဝင် ၂၃

သုခမိန်လှိုင်

ကဗျာပေါင်းချုပ်

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

၁၉၄၈၊ ဒီကမ္ဘာကို ရတယ်
အသက် ၁၇ ကဗျာရေးတယ်
၂၂၊ ‘ဇွန်လ၏ မိုးရေများ” ရေးတယ်
၇၅ မှာ ကဗျာစာအုပ် ၂၃ အုပ် ရှိခဲ့ပြီ
ကမ္ဘာကို ကဗျာနှင့် ချစ်ရေးဆိုဖို့ ရောက်ရှိခဲ့တာပဲ
အောင်မြင်ခဲ့ပါရဲ့လား

သုခမိန်လှိုင်

9 248480 504002

mgyoe.com

mgyoe.com

SAMPLE BOOK

# ရာဇဝင် ၂၃

## သုခမိန်လှိုင်



ချစ်သော တောပန်းကလေးများ
ဆာရှီမီး
နံနံပင်ကိုပဲ မုန်းမုန်း
စာအုပ် ၁၈ အုပ်
ဆေးမင်ကြောင်
လိမ့်နေတဲ့ ကြယ်
ရှိဘတ်စ်အရော
မျက်နှာဖုံးများ
မင်းကို ကိုယ်ချစ်ခဲ့တယ်
ကြောင်စီးရီး
TATTOOS
CLOUD

ဂျွန်လ၏ မိုးရေများ
သားပြန်လာပြီ အမေ
ပင်လယ်မှာ ပျောက်ဆုံးသွားသော အရာ
အင်ဒီဝါးဟိုးတို့ကမ္ဘာ
အငြိမ့်
လက်ကိုင်ဓာတ်မီးထိုးပြီး ရေးတဲ့ ကဗျာ
ပိုမို
ပုစွန်တွေ ဖတ်ဖို့ ကဗျာ
အားလုံးပီကာဆို
ဝေလငါးကဗျာ
ဘက်ဓားပြ

mgyoe.com

mgyoe.com

SAMPLE BOOK

သုခမိန်လှိုင်

# ရာဇဝင် ၂၃



သိဒ္ဓတ္ထလှိုင် ၁ ဂျွန်လဲ၏မိုးရေများ ၁၉၇၀ ၁၉၇၂ ၂၀၂၀

သားပြန်လာပြီ အမေ ၂၀၀၂ ၂၀၂၂

ပင်လယ်မှာ ပျောက်ဆုံးသွားသော အရာ ၂၀၀၃

အင်ဒီဝါးဟိုးတို့ကမ္ဘာ ၂၀၀၈

အငြိမ့် ၂၀၀၈

လက်နှိပ်စာတ်မီးထိုးပြီး ရေးတဲ့ ကဗျာ ၂၀၁၀

ပိုမို ၂၀၁၁

ပုစွန်တွေ ဖတ်ဖို့ ကဗျာ ၂၀၁၂

အားလုံးပီကာဆို ၂၀၁၂

ဝေလငါးကဗျာ ၂၀၁၃

၁၁ ဘဏ်ာများပြ ၂၀၁၃ ၂၀၂၃

ချစ်သော တောပန်းကလေးများ ၂၀၁၅

ဆာရှီမီး ၂၀၁၆

နံနံပင်ကိုပဲ မုန်းမုန်း ၂၀၁၇

စာအုပ် ၁၈ အုပ် ၂၀၁၇

ဆေးမင်ကြောင် ၂၀၁၈

လိမ့်နေတဲ့ ကြယ် ၂၀၁၉

ရှိဘတ်စ်အရော ၂၀၂၀

မျက်နှာဖုံးများ ၂၀၂၀

မင်းကို ကိုယ်ချစ်ခဲ့တယ် ၂၀၂၁

ကြောင်စီးရီး ၂၀၂၂

TATTOOS ၂၀၂၂

၂၃ CLOUD ၂၀၂၂

၁ -၁၁ ရာဇဝင် ၂၀၁၄

၁-၂၃ ရာဇဝင် ၂၃ ၂၀၂၃

mgyoe.com

mgyoe.com SAMPLE BOOK

ဆရာသုခမိန်လှိုင်ရဲ့ အသက် ၇၅ နှစ်ပြည့် မွေးနေ့ အတွက် နှစ်ကာလများရဲ့ အမှတ်တရ စီစဉ်မှု ဖြစ်ပါတယ်။

ထွက်ပြီးသမျှ ကဗျာစာအုပ် ၂၃ အုပ်ကို အစဉ်အတိုင်း ပြန်စီသော်လည်း အခုလို တစ်အုပ်တည်းအဖြစ် ပြန်စီစဉ်တဲ့အခါ တစ်အုပ်နဲ့ တစ်အုပ်မှာ ထပ်ဖော်ပြသလို ဖြစ်နေတဲ့ ကဗျာတွေကို ပထမအကြိမ်အဖြစ် ဖော်ပြခဲ့တဲ့ ကဗျာစာအုပ်တွေ အစီအစဉ်မှာ ဦးစားပေး ဖော်ပြပြီး နောက်စာအုပ်တွေမှာတော့ ချန်လှပ်ခဲ့တဲ့ပုံစံကို အသုံးပြုထားပါတယ်။ ဥပမာ၊ Tattoos၊ ဆေးမင်ကြောင် မဂ္ဂဇင်းကဗျာများ၊ ဆာရှီမီး ကဗျာစာအုပ်တွေက ကဗျာအများစုဟာ သက်ဆိုင်ရာ အခြား သီးသန့်စာအုပ်တွေမှာ ပါဝင်ပြီးတာ များပါတယ်။ ဒါကြောင့် အပုဒ်ထပ်နေတာတွေကို ကြိုးစား ရှောင်ထားပါတယ်။

ဒီစာအုပ်ဟာ ဆရာသုခမိန်လှိုင် ကဗျာပေါင်းချုပ်စာအုပ်လို့လည်း ပြောလို့ ရပါတယ်။ ကဗျာစာအုပ် ၂၃ အုပ်မှာ ပါဝင်ခဲ့တဲ့ ကဗျာပေါင်းချုပ်ပါပဲ။ ချွတ်ယွင်းချက်ကလေးများ ရှိရင်လည်း ခွင့်လွှတ်ပါလို့ ပြောလိုပါတယ်။

ဆရာ သုခမိန်လှိုင် သက်ရှည် ကျန်းမာပါစေ။

ကျေးဇူးတင်စွာဖြင့် ...

**နှစ်ကာလများ**

mgyoe.com

mgyoe.com SAMPLE BOOK

နှစ်ကာလများ
တာအုပ်အစီအစဉ် ၅၄၀

# ရာဇဝင် ၂၃

## သုခမိန်လှိုင်

နှစ်ကာလများ
အမှတ် ၁၀၄၊ အပေါ်ဆုံးထပ် (က)၊
အောင်ဇေယျလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၀၁ ၈၂၅၅ ၉၄၈၊ ၀၉ ၇၄၀ ၉၇၉ ၃၉၃။
*e-mail: theeras2001@gmail.com*

mgyoe.com

mgyoe.com SAMPLE BOOK

**ပုံနှိပ်မှတ်တမ်း**

ရာဇဝင် ၂၃
သုခမိန်လှိုင်
ပထမအကြိမ်၊ အောက်တိုဘာ ၁၇၊ ၂၀၂၂။
အုပ်ရေ – ၁၀၀၀
တန်ဖိုး – ၃၀၀၀၀ ကျပ်

**ထုတ်ဝေသူ** ဦးစိန်ဝင်း၊ နှစ်ကာလများစာပေ (၀၀၇၄၄)၊ ၁၀၄၊ အပေါ်ဆုံးထပ် (က)၊ အောင်ဇေယျာလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။ **အတွင်းနှင့် အဖုံးပုံနှိပ်** ဦးအေးဝင်း၊ အေးကမ္ဘာ ပုံနှိပ်တိုက် (၀၀၂၉၀)၊ အမှတ် ၄၆၊ ၂၅ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ **မျက်နှာဖုံး ဒီဇိုင်း** အောင်မင်း၊ စိုးမင်းအောင်၊ **ကွန်ပျူတာစာစီ** သရဖီ၊ **စာအုပ်ချုပ်** ကိုမြင့်။

mgyoe.com

mgyoe.com SAMPLE BOOK

# ဂျွန်လ၏ မိုးရေများ

သိဒ္ဓတ္ထလှိုင်

၁၉၇၀ လက်ရေးစာအုပ်
၁၉၇၂ ပုံနှိပ်ထုတ်ဝေခဲ့ (ရွှေအိမ်စည်စာစဉ်) နှင့်
(ပုဂံစာအုပ်တိုက်မှ ပုံနှိပ်ပေး၊ စီစဉ်ပေး၊ ဖြန့်ချိပေး)
၂၀၂၀ (လက်ရေးစာအုပ် နှစ် ၅၀) ပုံနှိပ်ထုတ်ဝေ (စိတ်ကူးချိုချို)

mgyoe.com

mgyoe.com SAMPLE BOOK

ဝျှန်လ၏ မိုးရေများ

၁၉၇၀ – လက်ရေးစာအုပ်မှာ အမှာစာ မပါပါ
– 'သက်တန့်ဟာ လှတယ်'* ကဗျာ (စာသား အမှန်)

၁၉၇၂ – ပုံနှိပ်စာအုပ်မှာ 'ရာဇဝင်' ပါဝင်လာ
– 'သက်တန့်ဟာ လှတယ်'** (ပြောင်းသွားတဲ့ စာသား)

၂၀၂၂ – နှစ်ငါးဆယ်ပြည့် စာအုပ်မှာ 'ဝျှန်လ၏ မျက်ရည်များ' ပါဝင်

၂၀၂၃ – 'ရာဇဝင် ၂၃' စာအုပ်တွင်
– 'သက်တန်ဟာ လှတယ်'*** (၁၉၇၀) နှင့် (၁၉၇၂) အတူဖော်ပြ

mgyoe.com

mgyoe.com SAMPLE BOOK




– ဖျားတဲ့နှင်းဆီ၏ ဓာတ်ကြီးဆယ်ဘွဲ့မှ စစ်နှင့် ငြိမ်းချမ်းရေး ၉
– ငွှန်လ၏ မျက်ရည်များ ၁၁
– ရာဇဝင် ၂၂
၂၂ သို့မဟုတ် ကျွန်ုပ်၏ ရုပ်ပုံလွှာ ၂၅
ငါ့ရင်ထဲက ဟောင်ကောင်ပျိုဖြူ ၂၆
သပျစ်သီးများ မီးလောင်ခြင်း ၂၇
သက်တန့်ဟာ လှတယ် ၂၈
ဟိုနိုလူလူမှာ ကုန်စုံဆိုင်လေး ဖွင့်မယ် ၂၉
မာရီလင်မွန်ရိုးသို့ တမ်းခြင်း ၃၀
ပန်းသီးနီနီ ဖြစ်ချင်တယ် ၃၁
အခန်းကျဉ်းထဲက လူသုံးဦး ၃၂
ပိုက်ဆံမရှိသော နေ့များ ၃၃
ငရုပ်သီးဟာ သကြားလုံး မဟုတ်ပါ ၃၄
နံနက်ရှုခင်း ၃၅
ငှက်ပျောသီး စားသူသို့ ၃၆
လက်ဖက်ရည်တခွက် ၃၇
တနင်္ဂနွေတခုရဲ့ ခံစားမှု ၃၈
လှပတဲ့ ရုပ်ကွက်များ ၃၈
နေမင်းဟာ ခရမ်းရောင် ဖြစ်တယ် ၄၀
အိမ်ဖြူတော် အပ်နှင်းခြင်း ၄၁
ရွှေဝါရောင် သရက်သီး၏ နောက်ဆုံးအချိန် ၄၂
အရက်ဆိုင်မှ ထခဲ့ပြီးနောက် ၄၃
ပေါင်မုန့်စားသူများအကြောင်း ၄၄
စိတ်ကူးထဲက ချိုချဉ်များ ၄၅
ဆေးလိပ်မီးခိုးများကို စက္ကူအိတ်ထဲ ထည့်ခြင်း ၄၆


mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

## ဖျားတဲ့ နှင်းဆီ၏ ဇာတ်ကြီးဆယ်ဘွဲ့မှ စစ်နှင့် ငြိမ်းချမ်းရေး

ဘာများ ရေးစရာ ကျန်သေးလဲ
၁၉၄၈၊ ဒီကမ္ဘာကို ရတယ်
အသက် ၁၇ ကဗျာရေးတယ်
၂၂၊ 'ဥန်လ၏ မိုးရေများ' ရေးတယ်
၇၅ မှာ ကဗျာစာအုပ် ၂၃ အုပ် ရှိခဲ့ပြီ

ကမ္ဘာကို ကဗျာနှင့် ချစ်ရေးဆိုဖို့ ရောက်ရှိခဲ့တာပဲ
အောင်မြင်ခဲ့ပါရဲ့လား

ဝီလျံဘလိတ်က 'ဖျားတဲ့ နှင်းဆီ'
တော်စတွိုင်းက 'စစ်နှင့် ငြိမ်းချမ်းရေး'
မင်းဘူး ဦးသြဘာသက 'ဇာတ်ကြီး ဆယ်ဘွဲ့'
ငါက 'ဖျားတဲ့နှင်းဆီ၏ ဇာတ်ကြီးဆယ်ဘွဲ့မှ စစ်နှင့် ငြိမ်းချမ်းရေး' ဖြစ်ရပြီ

mgyoe.com

mgyoe.com SAMPLE BOOK

'ကြိုးစားရင် ဘုရားဖြစ်' စကားလေး ကြားတော့
ကြိုးစားရင် 'လူ' မဖြစ်ဘူးလား ?'
လူပီသသော လူ
ကိုယ့်လွတ်လပ်ခွင့်နှင့် ကိုယ်
သူတစ်ပါးကို မထိခိုက်သောသူ
မတရား မပြုသူ
'လူ' မဖြစ်ဘူးလား

ဘုရားက ဝေးပါတယ်ကွာ
'လူ' အရင် ဖြစ်ကြပါကွာ

တစ်ယောက်ချင်း လူအဖြစ်မှာ 'လူ' ဖြစ်လျှင် ဘာမှ ငြင်းခုံစရာ မရှိတော့
စစ်ဖြစ်စရာ မရှိတော့ မုန်းစရာ မရှိတော့ (ပျင်းသွားကြပြီလား)
(ကဗျာ ရေးစရာပင် ရှိပါဦးမည်လား)

လူ့ဘဝမှာ လူမဖြစ်ကြဘဲ အဓိလွန်မက်စ်နှင့် လကမ္ဘာမှာ အင်္ဂါဂြိုဟ်မှာ
'Somewhere my love' လေးကို ဆိုမနေနိုင်ပါ

ကမ္ဘာကို ကဗျာနှင့် ချစ်လိုသူ
**သုခမိန်လှိုင်**
၁ ဩဂုတ် ၂၀၂၃

mgyoe.com

mgyoe.com SAMPLE BOOK

## ဂျွန်လင်္ဂ၏ မျက်ရည်များ

၁၉၇၀၊ ဂျွန်လက ရေးသားပြီးစီးခဲ့တဲ့ 'ဂျွန်လင်္ဂ၏ မိုးရေများ' ကဗျာစာအုပ် ၂၀၂၀၊ ဂျွန်လမှာ နှစ်ငါးဆယ် ပြည့်ပါပြီ

၁

အသက် ၂၂ နှစ် လူငယ်လေးတစ်ယောက် သူ ရခဲ့တဲ့ ကမ္ဘာကြီးကို သူ ရခဲ့တဲ့ ခံစားမှုနဲ့ သူ ရေးခဲ့တယ်။

ကိုယ့်မြို့ကလေးမှာပဲ လက်ရေးစာအုပ်လေး တစ်အုပ် လုပ်ပြီး မောင်ချောနွယ်၊ ကိုဆွေ၊ ခေတ္တရာ အေးဆွေ၊ ကဗျာရေးဖော်တွေ၊ မိတ်ဆွေတွေ၊ သူငယ်ချင်းတွေကို ပေးဖတ်ဖြစ်ခဲ့ပါတယ်။ ဂျွန်လင်္ဂ၏ မိုးရေများ လက်ရေးစာအုပ်လေးကနေ ဒီရေးနည်း၊ ဒီတွေးနည်းကတော့ ကိုယ့်မြို့ကလေးမှာ စတင် စီးဆင်းခဲ့ပြီ။

ရန်ကုန်က စာအုပ်တိုက်တစ်တိုက်ကို ပို့လိုက်တဲ့ ဂျွန်လင်္ဂ၏ မိုးရေများကတော့ မထုတ်နိုင်ရင် ပြန်ပို့ပေးဖို့ ထည့်ပေးလိုက်တဲ့ တံဆိပ်ခေါင်း ပြန်ကပ်ပြီး စာတိုက်ကနေ ကျွန်တော့်ထံ ပြန်လည် ရောက်ရှိလာခဲ့ပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

'သင် ဖြစ်ချင်သလို ဖြစ်စေချင်ရင်
ခြသေ့ကြီးကို လက်သီးနဲ့ ထိုးပါ'
ကိုယ့်ကဗျာအတိုင်း ကိုယ် ရင်ဆိုင်ခဲ့ရတာပါပဲ။

'ချမ်းသာခြင်းမှာ
ဘာဒုက္ခများ တွေ့ခဲ့လဲ'
မာရီလင်မွန်ရိုးကို မေးတဲ့ မေးခွန်းကို
ကိုယ်တိုင် ဖြေဖို့ အသက်ရှင်ခဲ့ရတာပါပဲ။

လက်ရေးစာအုပ်လေး ပြုလုပ်ပြီး စတင်ခဲ့တာ နှစ်ငါးဆယ် ပြည့်ချိန်မှာ ကိုယ် ရခဲ့တဲ့ ကမ္ဘာကြီးက ပြောတဲ့ 'အသံ' ကြားရတယ်။

'မင်း စာအုပ်နာမည် အမှန်က 'ဂျွန်လ၏ မိုးရေများ' မဟုတ်ဘူး'
'ဂျွန်လ၏ မျက်ရည်များ'

၂

ကိုယ့် စိန်ခေါ်မှုနဲ့ ကိုယ် နှစ်နှစ် ကြာသွားပြီး ၁၉၇၂၊ ဂျွန်လမှာတော့ ကဗျာရေးဖော် ခေတ္တရာ အေးဆွေ ထုတ်ပေးလို့ 'ဂျွန်လရဲ့ မိုးရေများ' ပုံနှိပ်စာအုပ် ပုဂံစာအုပ်တိုက်ကနေ ထွက်နိုင်ခဲ့ပါတယ်။

၃

၂၀၁၄၊ စိတ်ကူးချိုချို စာအုပ်တိုက်က ကျွန်တော့်ရဲ့ ပုံနှိပ်ထုတ်ဝေပြီးတဲ့ ကဗျာစာအုပ် ၁၁ အုပ်ကို 'ရာဇဝင်' အမည်နဲ့ ထုတ်ဖို့ လုပ်တဲ့အခါ ဂျွန်လ၏ မိုးရေများ ပါလာပါတယ်။

အဲဒီမှာကျွန်တော် လွယ်လွယ်လေးနဲ့ ခက်ခဲခဲ့တာတစ်ခု ကြုံရပါတယ်။

ဂျွန်လ၏ မိုးရေများ စာအုပ်ရှေ့ဘက်မှာ ၁၉၆၉ Life မဂ္ဂဇင်းက အင်္ဂလိပ်စာကြောင်းကို ကျွန်တော် နားလည်သလို ဖော်ပြထားတဲ့ စာကြောင်းနှစ်ကြောင်း ပါရှိခဲ့ပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

'အသံသစ်များသည် လူငယ်များအား ဘာသာစကား တစ်မျိုးဖြင့် ပြော၏။

ယင်းဘာသာစကားသည် လူကြီးများကို ဦးနှောက်ခြောက်စေ၏'

ဒါကို အင်္ဂလိပ်ဘာသာပြန်ဘက်မှာ သူ့မူရင်းအတိုင်း ဖော်ပြရမယ်။

သူ့မူရင်း အင်္ဂလိပ်စာကြောင်း ပါဝင်တဲ့ ၁၉၆၉ က Life မဂ္ဂဇင်းကို ဘယ်မှာ ပြန်ရှာရမလဲ။ နည်းပညာတွေရဲ့ အကူအညီကို ရရှိခဲ့ပါတယ်။

Google မှာ Life မဂ္ဂဇင်းလို့ စာရိုက်လိုက်တယ်။

ကံအားလျော်စွာ Amazon မှာ Life မဂ္ဂဇင်းစာအုပ်ကို သူတို့ပိုက်ဆံ ၄၀ နဲ့ အဟောင်း ပြန်ရောင်းမယ့်ကြော်ငြာ တွေ့ရတယ်။

မြတ်စွာဘုရား!

ကျွန်တော် လိုချင်တဲ့ ၁၉၆၉၊ ဒီဇင်ဘာလထုတ် Lifeမဂ္ဂဇင်းက တစ်ပတ် တစ်အုပ်နဲ့ လေးအုပ် ဖြစ်နေတယ်။ နှစ်ငါးဆယ်က ကျွန်တော် သိခဲ့တဲ့ အဖုံး တွေပဲ။ ဘယ်အဖုံးနဲ့ စာအုပ်ထဲမှာ ကျွန်တော် လိုချင်တဲ့ စာကြောင်း ပါမလဲ။

နောက်ဆုံး အဖြစ်နိုင်ဆုံး အဖုံးနှစ်ခုကို ရွေးပြီး ဘုရားတ,ပြီး မှာလိုက် ပါတယ်။

ကျွန်တော် အဆင်ပြေခဲ့ပါတယ်။ လိုချင်တဲ့ စာကြောင်းလည်း ရရှိခဲ့ ပါတယ်။

ရယ်စရာအသေးလေးတစ်ခု ဖြစ်အောင် ပြောရရင်တော့ ကျွန်တော် ရတဲ့ စာမူခထဲက အတော်များများ ပြန်ခုန်ထွက်သွားခဲ့ပါတယ်။

ဒါက ပထမ တစ်ခုပါ။

## ၄

ဒုတိယ ကြုံရတဲ့ တစ်ခုကတော့ ကျွန်တော့်အတွက် ကြီးမားတဲ့ စိန် ခေါ်မှုကြီး တစ်ခုပါပဲ။

ကျွန်တော် ၁၉၇၀၊ ဂျွန်လက ရေးတဲ့ လက်ရေးစာအုပ်ထဲက စာကြောင်း တစ်ကြောင်းက ၁၉၇၂ မှာ ပုံနှိပ်ထုတ်ဝေတဲ့အခါ ပြင်လိုက်ရပါတယ်။

အခု ကျွန်တော် လက်ရေးစာအုပ်လေးနဲ့ စာတင်ခဲ့တာ နှစ်ငါးဆယ် ပြည့် အမှတ်တရ ထုတ်ဝေမယ်ဆိုရင်တော့ အများ ဖတ်ရှုခဲ့ရတဲ့ ၁၉၇၂ ပုံနှိပ်

mgyoe.com

mgyoe.com SAMPLE BOOK

စာအုပ်က ပြင်ထားတဲ့ စာကြောင်းကို ဖော်ပြမယ်ဆိုရင် ဒါဟာ အမှန်တစ်ခု မဟုတ်ပါဘူး။

လက်ရေးစာအုပ်ထဲက အမှန်အတိုင်း ဖော်ပြမယ်ဆိုရင်လည်း ဒါဟာ ကျွန်တော့်အတွက် ကြီးမားတဲ့ စိန်ခေါ်မှုကြီးတစ်ခု ဖြစ်နေခဲ့ပါပြီ။ ပုံနှိပ်စာအုပ်ကို ဖတ်ထားသူများက ဘယ်လို မြင်မလဲ။

ဒီအဖြစ်အပျက်ဟာ ကျွန်တော့်အတွက် နှစ်ငါးဆယ်စာ ရှိနေခဲ့ပြီး ခုမှ သိရသူများအတွက် မယုံနိုင်စရာ အကြီးကြီး၊ ဆက်စပ်လို့ မရစရာ အဝေးကြီး ဖြစ်နေနိုင်ပါတယ်။

> အဲဒါကတော့ ဂျွန်လ၏မိုးရေများရဲ့ လက်ရေးစာအုပ်ထဲမှာ ဒက်ဗလင်၊ မာရီလင်မွန်ရိုး၊ ဂျက်ကလင်း ... နာမည်တွေ ပါဝင်သလို 'အောင်ဆန်းစုကြည်'ဆိုတဲ့ နာမည်တစ်ခုလည်း ပါဝင်နေခဲ့ခြင်းပါပဲ။

ကြေးမုံ သတင်းစာထဲက ကမ္ဘာ့သတင်းတွေ ဖတ်ပြီး 'ဒက်ဗလင်' နာမည်ကို ကဗျာတစ်ပုဒ်မှာ ရေးခဲ့ပုံမျိုးပါပဲ။

တစ်နေ့ ဂျွန်လထဲမှာပဲ ကြေးမုံသတင်းစာရဲ့ နိုင်ငံခြားသတင်း စာမျက်နှာဘက်မှာ အောင်ဆန်းစုကြည် နာမည်နဲ့ သတင်းတိုလေးတစ်ပုဒ် ပါလာပါတယ်။

သတင်းအတိအကျကို မမှတ်မိတော့ပါဘူး။

၁၉၇၀ ဆိုတော့ အဲဒီတုန်းက (ဒေါ်)အောင်ဆန်းစုကြည်က မိခင် ဒေါ်ခင်ကြည်နဲ့ အိန္ဒိယနိုင်ငံမှာ နေရချိန် (ထင်ပါတယ်)။ သတင်းက အောင်ဆန်းစုကြည် မြန်မာနိုင်ငံကို ခဏပြန်လာမှာလား၊ တက္ကသိုလ်စာမေးပွဲမှာ ဂုဏ်ထူးပါတာလား မမှတ်မိတော့ပါဘူး။

ရင်ထဲမှာ ရောက်သွားတာကတော့ ဒီနာမည်နဲ့အတူ ကျွန်တော်တို့နိုင်ငံရဲ့ သတိရစရာများကိုပါပဲ။

ဒီနာမည်ကို ဂျွန်မိုးရေရဲ့ ကဗျာတစ်ပုဒ်ထဲမှာ ထည့်ရေးဖြစ်လိမ့်မယ်လို့လည်း မတွေးမိခဲ့ပါဘူး။

'သက်တန့်ဟာ လှတယ်' ကဗျာကို ရေးဖြစ်ချိန်မှာတော့ ကျွန်တော့်ကဗျာမှာ အသုံးပြုတဲ့ စာကြောင်းတွေ၊ နာမည်တွေထဲမှာ အောင်ဆန်းစုကြည်

mgyoe.com

နာမည်ဟာ အစီအစဉ် စနစ်တကျပဲ ပါဝင်သွားခဲ့ပါတယ်။

**သက်တန့်ဟာ လှတယ်**
မိုးပြောင်ပြောင်မှာ
ချယ်ရီရောင်၊ နီလာရောင်
လိမ္မော်သီးရောင်၊ ဆေးရောင်စုံဖြန့်
အို့ သက်တန့်။

'စုဖုရားလတ်' ရွှေအင်္ကျီ
'ပီကာဆို' အပြာ၊ 'ဖင်မလီယာ' အစိမ်းရောင်
'အောင်ဆန်းစုကြည်' ရဲ့ နှုတ်ခမ်းအနီ
ဆေးရည်တွေကို သင့်ကိုထဲမျှား
ထည့်ထားသလား။

ကျွန်ုပ်သည်ကား
စိတ်ရိုင်းများခြင်း၊ မူးယစ်မိုက်မဲခြင်း
ဒေါသကြီးခြင်း၊ ဆိုးသွမ်းခြင်း
မွဲညစ်ခြင်း၊ အရောင်များဖြင့်
အသင့်အား ရှက်မိပေစွ။

သိဒ္ဓတ္ထလှိုင်

ဒီတော့ ဂျွန်လ၏ မိုးရေများ လက်ရေးစာအုပ်ထဲက 'သက်တန့်ဟာ လှတယ်'ကဗျာမှာ ပါဝင်တဲ့ 'အောင်ဆန်းစုကြည်ရဲ့ နှုတ်ခမ်းအနီ' စာကြောင်းဟာ ၁၉၇၂ ပုဂံစာအုပ်တိုက်က ပုံနှိပ်ပေးတဲ့အခါ ဘယ်လိုလုပ်ပြီး 'နေရောင်ရဲ့ အနီ' ဖြစ်သွားရတာလဲ။

၈ ဂျွန် ၁၉၇၂။ ဂျွန်မိုးရေစာအုပ် ထုတ်ပေးမယ့် သူငယ်ချင်းနဲ့အတူ မနက် ၆ နာရီ ပြည်–ရန်ကုန် အမြန်ရထားနဲ့ နေ့လယ် ရန်ကုန်ဘူတာကြီး ရောက်။ ဘူတာကြီး လက်ဖက်ရည်ဆိုင်မှာ ရှမ့်ချောခင်းတွေ ငေးရင်း ရထား

mgyoe.com SAMPLE BOOK

ပေါ်တုန်းက စိတ်မှာ ရေးခဲ့တဲ့ ဂျွန်မိုးရေရဲ့ 'ရာဇဝင်'ကို စာရွက်ပေါ်မှာ ပြန်ရေး။ ပြီးတာနဲ့ ပုဂံစာအုပ်တိုက်ကို သွားခဲ့ပါတယ်။

စာအုပ်တိုက် ရောက်တော့ ပုဂံစာအုပ်တိုက်ပိုင်ရှင် ကိုချော (မောင်ကိုဦး) ကို အကျိုးအကြောင်း ပြောပြပြီး ဂျွန်မိုးရေကို ပေးဖတ်ခဲ့ပါတယ်။ ကိုချောက ကျွန်တော်တို့ရှေ့မှာပဲ ဖတ်ပြီး 'သက်တန့်ဟာ လှတယ်' ကဗျာအရောက်မှာ အသံထွက်လာပါတယ်။

ဟာ ဒါတော့ မဖြစ်ဘူး
ဘာ မဖြစ်တာလဲ
အောင်ဆန်းစုကြည်
ဘာလို့ မဖြစ်တာလဲ
အမျိုးသား ခေါင်းဆောင်ကြီးရဲ့ သမီးဗျ
အဲဒါ ဘာဖြစ်လဲ
ခင်ဗျားစာအုပ် ပိတ်သွားနိုင်တယ်
ကိုချောက တစ်အုပ်လုံး ဘာမှ မပြောဘဲ
ဒီတစ်နေရာမှာ ပြောလာပြီး
'ခင်ဗျားစာအုပ် ပိတ်သွားနိုင်တယ်'မှာ
ကျွန်တော့်အသံ ရပ်သွားပါတယ်
ဂျွန်လ၏ မိုးရေများအတွက် နှစ်နှစ်ကြာအောင်
ပင်ပန်းခဲ့ပြီးပြီ။ ခုလည်း လာပြန်ပြီ။
'အောင်ဆန်းစုကြည်' မရရင် ဘာရေးမလဲ။
မရရင် စာအုပ်မထုတ်ဘူးလည်း မလုပ်နိုင်ဘူး။
နောက်တစ်ယောက် နာမည်လည်း
အစားထိုးဖို့ မပေါ်ဘူး။
'နေရောင်ရဲ့ အနီ'
ဒီတစ်ခုပဲ စိတ်မှာ ရပြီး ရေးလိုက်ပါတယ်။
လက်ရေးစာအုပ်မှာ 'အောင်ဆန်းစုကြည်ရဲ့ နှုတ်ခမ်းအနီ'
ပုံနှိပ်စာအုပ်မှာ 'နေရောင်ရဲ့ အနီ'

mgyoe.com

၅

၁၉၇၀ ဂျွန်မှာ ဂျွန်လ၏ မိုးရေများ ရေးသားပြီးစီးတယ်။ ၁၉၇၂၊ ဂျွန်မှာ ပုံနှိပ်ထုတ်ဝေဖြစ်တယ်။ ၁၉၇၀ လက်ရေးစာအုပ်မှာ 'အောင်ဆန်းစုကြည်ရဲ့ နှုတ်ခမ်းအနီ' ကျွန်တော် ရေးခဲ့တယ်။ ၁၉၇၂ ပုံနှိပ်ထုတ်ဝေတဲ့ စာအုပ်မှာ 'နေရောင်ရဲ့ အနီ' ကျွန်တော် ပြင်ခဲ့တယ်။

အခု ဂျွန်မိုးရေ ရေးသားပြီးစီးတဲ့ နှစ်ငါးဆယ် အမှတ်တရ စာအုပ်ထုတ်မယ်ဆိုတော့ ကျွန်တော့်အဖြစ်အပျက်က ကျွန်တော့်ကို စိန်ခေါ်ပြီ။

လက်ရေးစာအုပ်မှာ 'အောင်ဆန်းစုကြည်ရဲ့ နှုတ်ခမ်းအနီ'
ပုံနှိပ်စာအုပ်မှာ 'နေရောင်ရဲ့ အနီ'
အခု ဂျွန်မိုးရေး ရေးသားပြီးစီးခဲ့တဲ့ နှစ်ငါးဆယ် အမှတ်တရ စာအုပ်မှာ
ပုံနှိပ်စာအုပ်ထဲက 'နေရောင်ရဲ့ အနီ'ကို ထည့်မလား
လက်ရေးစာအုပ်မှာ ရေးခဲ့တဲ့ 'အောင်ဆန်းစုကြည်ရဲ့ နှုတ်ခမ်းအနီ'ကို အမှန်အတိုင်း ဖော်ပြမလား။

အမှန်အတိုင်းပဲ ကျွန်တော် ပေးရမယ်
ပုံနှိပ်စာအုပ်ကိုပဲ နှစ်များစွာ ဖတ်ထားသူများအတွက်တော့
တစ်ချိန်လုံး သူတို့ မသိခဲ့တဲ့ ဒီအကြောင်းအရာဟာ
နားမလည်နိုင်စရာ မယုံနိုင်စရာ အကြီးကြီး ဖြစ်နေမှာပါပဲ။
ကျွန်တော့်ဘက်က ကျွန်တော့်ကိုယ်ကျွန်တော် စိန်ခေါ်မှုကတော့
နှစ်ငါးဆယ်ပြည့် လက်ရေးစာအုပ်ရဲ့
အမှတ်တရ ထုတ်မယ့် စာအုပ်မှာ
၁၉၇၀ လက်ရေးစာအုပ်ထဲက စာသားအမှန်တွေပဲ ဖြစ်ရပါမယ်။

ကျွန်တော် ဂျွန်လ၏ မိုးရေများ ရေးတဲ့အချိန်တုန်းက ဒီနာမည်က တိုင်းပြည်နဲ့ ကမ္ဘာနဲ့ ချီပြီး နာမည်မကြီးသေးဘူး။ ဒီနေ့ ဒီအချိန်မှာတော့ ရောမ နာမည်အကြီးကြီး ဖြစ်နေပြီ။ ဒါကြောင့် ဖော်ပြချင်တာလား ဆိုရင်တော့ ကျွန်တော့်ကဗျာအတွက် ငြင်းပါတယ်။ ဒီနေ့ ဒီနာမည်ဟာ သာမန်နာမည်တစ်ခု ဖြစ်နေရင်လည်း ကျွန်တော် အမှန်အတိုင်း ဖော်ပြရမှာပါပဲ။

mgyoe.com

mgyboe.com
SAMPLE BOOK


ကျွန်တော်ရဲ့တရားက လက်ရေးစာအုပ် နှစ်ငါးဆယ်ပြည့်
အမှတ်တရစာအုပ်မှာ ကျွန်တော် ရေးခဲ့တဲ့ လက်ရေးစာအုပ်ထဲက
စာသားအမှန်တွေ ဖြစ်ဖို့ပါပဲ။

၆

နောက်ဆုံး ဒီအဖြစ်အပျက်ကို အဆုံးသတ်ပေးရမယ့်
အချိန်မှာတော့
ဂျွန်လ၏ မိုးရေများ ရေးခဲ့တဲ့ (ကိုယ် လုပ်စရာရှိတာ လုပ်ခဲ့တဲ့)
လူငယ်တစ်ယောက်ရဲ့ အချိန်ကို ပြန်ရောက်သွားပါတယ်။
ကဗျာ ရေးခဲ့တာ ငွေရစရာ၊ နာမည်ကြီးစရာ မဟုတ်ခဲ့ပါဘူး။
ဟဲမင်းဝေး၊ ဂျက်လန်ဒန်၊ မာယာကော့စကီး၊ ကိုဘိန်း၊
ကိုငြိမ်း ...
Suicide ကို ရွေးခဲ့ကြပြီ။
ဒီကမ္ဘာမှာ ဘယ်နေရာမှာများ နာမည်ကြီးစရာ ကောင်းလို့လဲ။
ဒီသွေးတွေနဲ့ ကျွန်တော် ကဗျာတွေ ရေးမိတယ်။

စိတ်ပျက်စရာ အကြောင်းတရားတွေနဲ့ နေ့တွေမှာ ကိုယ် ရေးချင်တဲ့ ပုံစံနဲ့ ရေးလို့ ရနေတာ ပျော်လို့ရယ်၊ ဒီကဗျာနဲ့ ရင်ဆိုင် အသက်ရှင်နေရတာ ကြိုက်လို့ရယ်နဲ့ ကဗျာကို ကျွန်တော် ဖက်ထားခဲ့တယ်။

မှန်ပါတယ်။

၁၉၇၂ ပုံနှိပ်စာအုပ်မှာ ဒီနာမည်ကို ကျွန်တော်ကိုယ်တိုင် ပြင်ခဲ့တယ်။

ဒီနာမည်ကို ပြန်ဖော်ပြပြီး စာအုပ်ထုတ်ဖို့ ကျွန်တော် မတွေးခဲ့ဘူး။

ပြီးခဲ့တဲ့ ၂၀၁၈ ရောက်မှ နှစ်ငါးဆယ် ပြည့်တော့မယ့် အချိန်မှာ အမှတ်တရ ထုတ်မယ့် စာအုပ်အတွက် တွေးမိတော့မှ

ဟာ ငါ ဘယ်စာအုပ်ကို ထုတ်မလဲ

၁၉၇၀ က ကျွန်တော် ရေးခဲ့တဲ့ ဂျွန်လ၏ မိုးရေများ လက်ရေးစာအုပ် လေးထဲကအတိုင်း ပြန်လည် ပေးအပ်လိုက်ပါတယ်။

သိဒ္ဓတ္ထလှိုင်
*၁၉၇၀ က နာမည်

mgyboe.com

mgyoe.com SAMPLE BOOK


**စာကြွင်း**

၁၉၆၅ ကဗျာရေးချိန်က စပြီး ရေးခဲ့တဲ့ စာရွက်၊ စာအုပ် အားလုံး သိမ်းခဲ့ပါတယ်။

ပေါင်မုန့်ထုပ်တဲ့ စက္ကူအိတ်ပေါ် ရေးခဲ့တဲ့စာက အစ သိမ်းခဲ့ပါတယ်။

၁၉၇၅၊ အပြောင်းအရွှေ့ များခဲ့တဲ့ ကျွန်တော်ဟာ

၁ က တံတားဖြူ အရောက်

ခုတင်အောက်က ထင်းရှူးပုံးလေးထဲမှာ သူငယ်ချင်းတွေကို ပေးဖတ်ခဲ့တဲ့ 'ဂျွန်လ၏ မိုးရေများ' လက်ရေးစာအုပ် တစ်အုပ်၊ ရန်ကုန်က စာအုပ်တိုက်ကို ပို့ပြီး မထုတ်လို့ ပြန်ပို့ပေးခဲ့တဲ့ လက်ရေးစာအုပ် တစ်အုပ်၊ ၁၉၇၂ ပုံနှိပ်စာအုပ် ထုတ်တော့ ပန်းချီဆရာ ပေါ်ဦးသက် ရေးပေးတဲ့ အဖုံးပန်းချီနဲ့ အတွင်းပုံ လေးပုံ၊ ပေါ်ဦးသက်ရဲ့ အဖုံးက စာအုပ်နဲ့ မလိုက်ဘူးဆိုပြီး ပုဂံစာအုပ်တိုက်က ကိုချော (မောင်ကိုဦး) ထပ်အပ်ပေးတဲ့ ပန်းချီစံတိုးရဲ့ အဖုံး တစ်ခု။ ပြီးတော့ ၆၆၊ ၇၊ ၈၊ ၉၊ ၁၉၇၀ အထိ ရေးခဲ့တဲ့ ဒိုင်ယာရီတွေ ရှိနေခဲ့ပါတယ်။

တစ်နေ့ မကြည့်မိတာ ရက်ကြာသွားပြီး ထင်းရှူးပုံးလေးကို ကြည့်လိုက်တော့ ခြတွေ စားနေပြီ။

ချက်ချင်း ကျွန်တော် အရူးတစ်ယောက်လို ဖြစ်သွားပြီး ထင်းရှူးပုံးလေးကို မီးရှို့ပစ်လိုက်ပါတယ်။

ကံမကောင်းမှု အကြီးကြီးထဲမှာ စာရေးစားပွဲပေါ်က ရေးလက်စ၊ ဖတ်လက်စ Notebook လေးတွေကတော့ ကျန်ရစ်ခဲ့ပါတယ်။

ဒီနေ့အထိ ဖွဲ့မလျှော့ရင်း၊ မမြင်ဖူးတဲ့ တစ္ဆေကို ကြောက်ရင်း

အဆုံးအရှုံးများအကြောင်း တချို့ကိုလည်း အနည်းငယ် ပြည့်စုံအောင် ထည့်ပြောလိုက်ပါတယ်။

၁၂:၄၀

၁၂၊ ၅၊ ၂၀၂၀။

mgyoe.com

mgyoe.com SAMPLE BOOK

အသံသစ်များသည် လူငယ်များအား
ဘာသာစကားတစ်မျိုးဖြင့် ပြော၏။
ယင်းဘာသာစကားသည် လူကြီးများကို
ဦးနှောက်ခြောက်စေ၏။

(Life – ဇူ၊ ဒီဇင်ဘာ)

mgyoe.com

mgyoe.com SAMPLE BOOK

အိုင်ယာလန်ပြည်အား
ဆိုရှယ်လစ် အလုပ်သမား သမ္မတနိုင်ငံ ထူထောင်ရန်
ကြိုးစည်နေသော
အသက် ၂၃ နှစ်ရှိ
ဒူးပေါ် ဂါဝန်ဝတ်
အိုင်ယာလန် လုံမပျို
အမတ် 'မစ္စဘားနားဒဲ့ ဒက်ဗလင်' ... သို့။

mgyoe.com

mgyoe.com SAMPLE BOOK

# ရာဇဝင်

မနက်ခင်း စောစောလေးမှာ 'ဂျွန်လ၏ မိုးရေများစာအုပ်ကို ထုတ်မလို့' ဆိုပြီး လာခေါ်သူနဲ့အတူ ပြည်–ရန်ကုန် အမြန်ရထားလေးပေါ်မှာ ထိုင်လိုက်ခဲ့တော့ နှင်းဆီနေက ဂျွန်လရဲ့ မိုးသားမိုးရိပ်တွေကြားမှာ ပျောက်လို့ပေါ့။ ရထား ပြတင်းပေါက်က ကြည့်လိုက်တော့ သစ်ပင်၊ လယ်ကွင်း၊ မြက်ခင်းပြင်။ အဲဒီ စိမ်းအေးမှုလေးတွေကြောင့် ကြည်နူးရတော့မှာလား။

(၁)

ကမ္ဘာထဲမှာတော့ ဘုရားစင်လေးတွေ၊ ပျော်ပွဲစားရုံလေးတွေ၊ ပန်းခြံလေးတွေ၊ ရုပ်ရှင်နဲ့ ပြဇာတ်ရုံလေးတွေ၊ စာအုပ်ဆိုင်လေးတွေ၊ ပန်းချီပြခန်းလေးတွေ၊ တေးဂီတ ဖျော်ဖြေပွဲလေးတွေနဲ့ ပြည့်လို့ပေါ့လေ။ ဒါပေမဲ့ အဲဒီ အေးချမ်းမှုလေးတွေ ကြားမှာပဲ လူတွေ မပြေလည်နိုင်ကြဘူးနော်။ လူတွေရဲ့ ငိုကြွေးသံတွေ၊ မကျေနပ်သံတွေ၊ အံကြိတ်သံတွေ၊ ဝမ်းနည်းပူဆွေးသံတွေ ကမ္ဘာထဲမှာ ပြည့်လို့ မဟုတ်လား။ ဘုရား ကိုးကွယ်ကြတဲ့ လူတွေ မပြေလည်ကြဘူးတဲ့။

mgyoe.com

ငြိမ်းချမ်းရေး မရနိုင်ကြတဲ့ လူတွေအတွက်ပါပဲ။ ဗုဒ္ဓတရား၊ ကားလ်မတ် အတွေးအခေါ်၊ လီနင်ဝါဒ စလို့ပေါ့လေ။ ဘုရားဖြစ်သွားကြသူတွေ၊ နိုင်ငံ ခေါင်းဆောင် အကြီးအကဲ ဖြစ်သွားကြသူကြီးတွေဟာလည်း သူတို့ရဲ့ အရိုး သားဆုံး ခံစားရာက ရခဲ့တဲ့ ဒဿနတွေနဲ့ လူတွေကို ဟောပြော ထိန်းချုပ်နိုင်ဖို့ ကြိုးစားခဲ့ကြပါတယ်။

ကျွန်တော်တော့ ဒီကမ္ဘာထဲမှာ နားလည်ခဲ့ပါပြီလေ။ လူတွေဟာ ကမ္ဘာ ထဲမှာ အစဉ်အလာတွေကို လုပ်ကိုင် လည်ပတ် လှုပ်ရှားရင်းနဲ့ပဲ မွေးဖွားကြီးပြင်း၊ သေဆုံး ဆိုတာတွေကို ကျော်ဖြတ်ခဲ့ကြရပါတယ်။ 'အမှန်'ဆိုတာမျိုးကို လူတွေ ဟာ လုပ်ခွင့် မရကြရှာပါဘူး။ အမှန်တရားကို တွေ့သွားသူ ဆိုတာလည်း မရှိသလောက် ရှားလှပါတယ်။

အမှန်ဆိုတဲ့ အဲဒီ အမှန်တရားဟာ ဘာများပါလဲ။

(၂)

မနေ့က တက္ကသိုလ်က ကောင်မလေးတစ်ယောက်နဲ့ တွေ့တော့ သူက ကျွန်တော် ဆံပင်ရှည်တာကို ကြောက်လို့တဲ့။ ဒါနဲ့ ကျွန်တော်က ရိုးရိုးသားသားပဲ ပြန်ပြောမိတယ်။ 'လူတွေ အားလုံးဟာ ကြောက်ဖို့ ကောင်းပါတယ်။ လူတွေ ဟာ ကိုယ်ခန္ဓာထဲမှာ အမြဲတမ်းရှိနေတဲ့ လောဘ၊ ဒေါသ၊ မောဟတွေကို ကြည့်ပြီး ကိုယ့်ကိုယ်ကို အမြဲတမ်း ပြန်ကြောက်နေသင့်ကြပါတယ်။ အဲလို သာ လူတွေဟာ ကိုယ့်ကိုယ်ကို အမြဲတမ်း ပြန်ကြောက်နေကြရင် တခြား ဘယ်သူ့မှ ကြောက်တတ်တော့မှာ မဟုတ်ပါဘူး။ ပြီးတော့ ကိုယ့်ကိုယ်ကို ကြောက်တတ်နေတဲ့အတွက် ကိုယ်ခန္ဓာထဲမှာရှိတဲ့ ကြောက်စရာတွေကိုလည်း ဖယ်ရှားတတ်နိုင်လာပါလိမ့်မယ်' အဲလိုပဲ ကျွန်တော် ပြောလိုက်မိတယ်။

ဟုတ်ပါတယ်။ ချိုမြိန်တဲ့ သပျစ်သီးကို စားပြီး လူဟာ ဒေါသဖြစ်ဖို့၊ ရိုင်းစိုင်းဖို့၊ ကြမ်းတမ်းဖို့ အင်အားတွေ တိုးလာနေတယ်။ ဥပဒေဆိုတာ ရှိလို့ လူက ဥပဒေကို ကွေ့ရှောင်ပြီး ဖောက်ပြန်တယ်။ ဖရင့် စင်နာထရာလို ရုပ်ရှင် မင်းသားတစ်ယောက်ရဲ့ သရုပ်ဆောင်ခ ငွေကြေးဟာ သိန်းနဲ့ချီပြီး ရရှိပါတယ်။ လယ်သမားတစ်ယောက်ရဲ့ စပါးစိုက်ခ ငွေကြေးဟာလည်း ဒီလိုရဖို့ လူတွေ ဟာ စဉ်းစား တွေးခေါ်နိုင်သင့်ကြပါပြီ။ ဟုတ်ကဲ့။ အစဉ်အလာထဲမှာပဲ

mgyoe.com

mgyoe.com
SAMPLE BOOK


နေထိုင်နေကြရှာတဲ့ လူတွေအဖို့ ဒီလို လုပ်သင့်တဲ့ 'အမှန်'မျိုး တစ်ခုကို ပြလိုက်တဲ့အခါမှာလည်း ဟိုအဝေးကြီးက စိတ်ကူးယဉ်မှုတစ်ခုလို့ ထင်နေကြမှာပါပဲ။ ရုပ်ရှင်ရုံအောက်မှာ၊ ပန်းခြံထဲမှာ၊ ကုလားထိုင်ပေါ်မှာ၊ ဘုရားရင်ပြင်တော်ပေါ်မှာ၊ အိမ်မှာ၊ လမ်းမှာ လူတွေဟာ ဘာကြောင့် ဘာတွေ လုပ်နေကြရသလဲ ဆိုတာလည်း တကယ်တမ်းမှာတော့ မသိကြရှာပါဘူး။ ဒါကြောင့်ပဲ နေနဲ့ လအောက်မှာ လူက ငြိမ်းချမ်းရေးကို မရသေးပါဘူး။

(၃)

၇၀ ခု၊ ဂျွန်လက ရိုးသားတဲ့ ခံစားမှုလေးတွေနဲ့ 'ဂျွန်လ၏ မိုးရေများ' စာအုပ်လေးကို ရေးဖြစ်တယ်။ စာအုပ် မထုတ်ဝေဖြစ်ရင်လည်း ကမ္ဘာထဲမှာ လက်ရေးစာမူကို ဖတ်ပြီးသွားတဲ့ လူတွေက ပြောကြဆိုကြရင်း တစ်ဆင့်စကား တစ်ဆင့်နဲ့ ပျံ့နှံ့သွားချင် ပျံ့နှံ့သွားပစေဆိုတဲ့ ခံစားမှုမျိုးလေးတွေနဲ့ပေါ့လေ။ ကမ္ဘာပေါ်မှာ နေထိုင်သူမို့ ကမ္ဘာထဲမှာ ကြားဖူးတဲ့ နေရာ၊ ပစ္စည်း၊ လူ အခေါ်အဝေါ်တွေနဲ့ပဲ ရေးခဲ့တယ်။

အဲဒီတုန်းက ဂျိန်းဖောင်ဒါက အော်စကာဆု မရသေးဘူး။ အာရပ်ပြောက်ကျားမယ် လီလာခါလတ်က အစ္စရေး လေယာဉ်တစ်စင်းကို ပြန်ပေးဆွဲပြီးခါစ၊ ဒက်ဗလင်ကလည်း ထောင်ထဲမှာ။ ခုတော့ ၇၂။ စိမ်းလန်းတဲ့ ဂျွန်လ ရောက်လာပြန်ပြီလေ။

သိဒ္ဓတ္ထလှိုင်
၈၊ ဂျွန်၊ ၁၉၇၂။

mgyoe.com

mgyoe.com
SAMPLE BOOK


## ၂၂ သို့မဟုတ် ကျွန်ုပ်၏ ရုပ်ပုံလွှာ

ဆေးပြင်းလိပ်
ကိတ်မုန့်၊ ကျောက်ခဲ
ငရဲမီး၊ လမင်း
ဂျုံခင်း၊ ပိတောက်ဝါ
ဟစ်တလာ့ နှုတ်ခမ်းမွေး
'ဒက်ဗလင်' မွေးတဲ့ သား
ဘီတယ်လ် ခေတ်ပြားများ
အားလုံးဟာ ငါ ဖြစ်တယ်။ ။

mgyoe.com

mgyoe.com SAMPLE BOOK

## ဝါ့ရင်ထဲက ဟောင်ကောင်ပျိုဖြူ

'ဟောင်ကောင်က မိန်းကလေး'
မွေးပျံ့တဲ့ ရုပ်ရှင်ကား၊ ပတ္တမြားရုံမှာ
ခြောက်နာရီခွဲပွဲ ကြည့်ရတယ်။

ဂျပန်မင်းသမီး 'အာကီကို'ဟာ
အနီရွှေရောင် ဂါဝန်တိုနဲ့
ဟောင်ကောင်က
'ကြက်မလေး' လုပ်ရတယ်။

အိမ်ပြန်ရောက်တော့
မှောက်ကာအိပ်လို့၊ အတွေးဝဲမှာ
အသည်းထဲမှာ၊ စိတ်ထဲမှာ
'အာကီကို'ကို ချစ်မိပြီ။ ။

mgyoe.com

mgyoe.com

## သပျစ်သီးများ မီးလောင်ခြင်း

အစိမ်းရောင်ရဲရဲ သရက်ပွင့်တို့ အရိပ်မှာ
ခင့်နူတ်ခမ်းကို ကိုက်စုပ်ပြီး
သစ်တော်သီး၊ သကြားသီး
ညြဇာသီး၊ စတော်ဘယ်ရီသီး
မာလကာသီးတွေ ခူးနေတယ်။

ဒီအချိန်မှာ၊ ဆိုဗီယက်ကလား
အမေရိကန်ကလား၊ အဏုမြူများ ဖြန့်ကြဲလိုက်ရာ
ဂင်္ဂါမြစ်၊ ဆန်ဖရန်စစ္စကိုတံတား
ဘီတယ်လ်ဓာတ်ပြားကုမ္ပဏီ၊ ပီကင်း
ချင်းတောင်တန်း၊ အနော်ရထာလမ်း
တို့ချစ်သူနှစ်ဦး၏ အနမ်းများ
မီးခိုးမှိုင်းကြား၊ အဆိပ်ငွေ့ကြား
ပျောက်ဆုံးသွား။ ။

mgyoe.com

mgyoe.com
SAMPLE BOOK


## သက်တန့်ဟာ လှတယ်

မိုးပြောင်ပြောင်မှာ
ချယ်ရီရောင်၊ နီလာရောင်
လိမ္မော်သီးရောင်၊ ဆေးရောင်စုံဖြန့်
အိုး သက်တန့်။

'စုဖုရားလတ်' ရွှေအင်္ကျီ
'ပီကာဆို' အပြာ၊ ဖင်မလီယာအစိမ်းရောင်
'အောင်ဆန်းစုကြည်'ရဲ့ နှုတ်ခမ်းအနီ**
ဆေးရည်တွေကို သင့်ကိုယ်ထဲများ
ထည့်ထားသလား။

ကျွန်ုပ်သည်ကား
စိတ်ရိုင်းများခြင်း၊ မူးယစ်မိုက်မဲခြင်း
ဒေါသကြီးခြင်း၊ ဆိုးသွမ်းခြင်း
မွဲညစ်ခြင်း အရောင်များဖြင့်
အသင့်အား ရှက်မိပေစွ။ ။

**၁၉၇၂ ခုနှစ်ထုတ် ပုဂံတိုက်ထုတ်မှုတွင်
'နေရောင်ရဲ့ အနီ'ဟု ဖော်ပြခဲ့။

mgyoe.com

mgyoe.com SAMPLE BOOK

## ဟိုနိုလူလူမှာ ကုန်စုံဆိုင်လေး ဖွင့်မယ်

ဟိုနိုလူလူမှာ
နာနတ်ဝိုင်၊ မလိုင်ချောကလက်
ဝက်သားစည်သွတ်ဘူး၊ ကော်ဖီဘူး
ပစ္စည်း ထူးထူးဆန်းဆန်းလေးတွေ ရောင်းဖို့
ဝါရှေ့ညို့နီ ဆေးရောင်စုံနဲ့
ကုန်စုံဆိုင်လေး ဖွင့်မယ်။

ဗီသိုဗင်
လီနင်၊ ဂျက်ကလင်း
နေမင်းအောက်က ပြည်သူများတို့
မရှိကြပါနဲ့၊ ဒါဟာ
နီလာရည်၊ စိန်ရည်၊ မြရည် လူးတဲ့
စိတ်ကူးထဲက ရည်ရွယ်ချက်လေ။ ။

mgyoe.com

mgyoe.com SAMPLE BOOK


## မာရီလင်မွန်ရိုးသို့တမ်းချင်း

'ဆင်းရဲခြင်းက ဒုက္ခ'တဲ့။

နီလာရောင် ရေချိုးခန်း
'ပဲရစ်'ရေမွှေး ဖျန်းထားသော ပန်းခြံ
မရန်းရောင် ရှမ်ပိန်၊ ရေခဲစိမ် 'မာတနီ'
ငွေခြည်ရောင် ရေခဲသေတ္တာတို့ ကြားမှာ
အဆိပ်သောက် သေဆုံးသွားသော
ဟောလိဝုဒ်၏ ကြယ်ပွင့်အပြာ
အို၊ မာရီလင် မွန်ရိုး။

'ချမ်းသာခြင်းမှာ
ဘာဒုက္ခများ တွေ့ခဲ့လဲ'။ ။

mgyoe.com

mgyoe.com
SAMPLE BOOK

## ပန်းသီးနီနီ ဖြစ်ချင်တယ်

ပန်းသီးနီနီဟာ
ငါ ဖြစ်ချင်တယ်

ဟာဝေယံကျွန်းကို မသိဘူး။
ဘားဒိုးကို မသိဘူး။
မာတနီကို မသိဘူး။
အင်ဒိုချိုင်းနားကို မသိဘူး။
ဟောင်ကောင်ကို မသိဘူး။
ဆိန်းမြစ်ကို မသိဘူး။
အစိမ်းရောင် 'ကောင်မလေး'ကို မသိဘူး။

ပန်းသီးပင်အောက်မှာ
ဝေဒနာတွေကို ထားခဲ့မယ်။ ။

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်းကျဉ်းထဲက လူသုံးဦး

'ရောဘတ် ကနေဒီ'ဟာ
ဆာရ်ဟန်ရဲ့ ကျည်ဆန်နဲ့ သေခဲ့တယ်။

'ဂိုးလ်ဖင်းဂါး' ဇာတ်ကားထဲမှာ
'ရှယ်လီအီတန်'ဟာ
ရွှေရည်သုတ်ပြီး အသတ်ခံရတယ်။

မိန်းမရဲ့ အနမ်းများက
'ပုသျှကင်'ကို သေစေခဲ့တယ်။ ။

mgyoe.com

mgyoe.com SAMPLE BOOK

## ပိုက်ဆံမရှိသော နေ့များ

စီးကရက်တလိပ်
ပေါင်မုန့်တလုံး၊ လက်ဖက်ရည်တခွက်ပဲ
တမ်းတပါတယ်။

မာဇဒါ၊ ရီကော်တာ
မန္တလေးဘီယာ
ဒေါက်တာဖိုးဗားဂိုးရုပ်ရှင်
တင်တင်လှရဲ့ တေးသံဂီတများ
သတိမရနိုင်ပါ။ ။

mgyoe.com

mgyoe.com
SAMPLE BOOK


## ရေတ်သီးဟာ သကြားလုံး မဟုတ်ပါ

ရွှေဆံတော်ဘုရားမှာ
ခြသေ့ရုပ်ဟာ ထိုင်နေတယ်။

သင်ဟာ ကမ္ဘာထဲမှာ
မာမာအေးတေးသံ၊ ဂျပန်ချယ်ရီ
နှင်းဆီရောင်မာဇဒါ၊ ဇရာဝတီည
ဆစ်ဒနီဂျုံခင်း၊ စပရင်းရာသီ
အီတလီအပျိုမနဲ့
အလှအပ ပစ္စည်းတွေချည်း
ရှိစေချင်ရင်
သင် ငါ ပြောသလို လုပ်ပါ။

ရွှေဆံတော်ဘုရားက ခြသေ့ရုပ်ကို
မြေမှာ လဲကျအောင်
သင့်ရဲ့လက်သီးနဲ့ ထိုးပါ
ခြသေ့ရုပ်ဟာ လဲကျသွားရင်
သင် ဖြစ်ချင်တာတွေ
ဖြစ်လိမ့်မယ်လေ။

mgyoe.com

mgyoe.com SAMPLE BOOK


## နံ့နက် ရှုခင်း

နှင်းဆီရောင် နေမင်း
နံ့နက်ခင်းမှာ စိမ်းလန်းနေတယ်။

'ဘဝ'ဟာ
ဂင်ဇာလမ်းမလား
ချက်စတာဖီး စီးကရက်လား
တက်နေဝင်း လက်ဖက်ရည်ဆိုင်လား
ဟန်ချိုင်တိုက်ပွဲလား၊ ပဲရစ်မြို့တော်လား
ကော်နီဖရန့်စစ် တေးသံလား
မဒမ်နုထမီလား
အတွေးများ လှုပ်ရှားနေတယ်။

ဟော၊ မြောက်ဘက်လမ်းမှာ
သရက်သီးသည် တောသူမလေး
မြို့က ကျောင်းသူမလေး
အဖြူ၊ အညို၊ အပြာ၊ အဝါ
အင်း ဒါဟာ 'ဘဝ'ပေါ့။ ။

mgyoe.com

mgyoe.com
SAMPLE BOOK


## ငှက်ပျောသီး စားသူသို့

လမ်းမ အနက်ရောင်ပေါ်မှာ
ငှက်ပျောခွံ မပစ်ပါနဲ့။

ဆူကာနို၊ နစ်ဆင်
ဂျွန်ဆင်၊ ဒေါက်တာနိုး
ဘားဒိုး၊ ဂိုးလ်ဖင်းဂါးတို့
နင်းမိသွားလျှင် အရေးမကြီးပါ။

ဆီးသီးရောင်းသူလေး
ဆေးလိပ်သမလေး၊ ကျေးရွာသူလေး
မြို့ကျောင်းသူလေးများ
နင်းမိသွားလျှင်၊ သနားစရာ။ ။

mgyoe.com

mgyoe.com SAMPLE BOOK


## လက်ဖက်ရည်တခွက်

ငွေလရောင်ခြည်ကို
ချစ်သူ့ထဘီထဲမှာ ထည့်ချင်တယ်။

ဆိုဖိယာလိုရင်း နှုတ်ခမ်းကို
နမ်းစုပ်ချင်တယ်။

အားလုံး အာသာပြေအောင်
လက်ဖက်ရည်တခွက်ပဲ သောက်လိုက်ပါတယ်။ ။

mgyoe.com

mgyoe.com
SAMPLE BOOK


## တနင်္ဂနွေတခုရဲ့ ခံစားမှု

လမ်းထိပ် ကွမ်းယာဆိုင်က
သကြားလုံးဟာ ချိုတယ်။

ဂျယ်ရီလူးဝစ္စနဲ့
သန်းနွဲ့က ရယ်ရတယ်။

နှင်းဆီမလေးရဲ့ အပြုံးများဟာ
ငါ့ကို ဖမ်းစားသွားခဲ့တယ်။ ။

mgyoe.com

mgyoe.com
SAMPLE BOOK


## လှပတဲ့ ရပ်ကွက်များ

အမိုးနီနီ အိမ်များ
ရေဒီယို တေးသံများ
ရှမ်ပိန်ရောင် မီးပွင့်များ
စန္ဒရားရောင် လမ်းမများနဲ့
ခမ်းနားပေ့ မြို့တော်ရဲ့ ရပ်ကွက်များ။

ရပ်ကွက်မှာ နေသူများကား
အရက်သမား၊ ဖဲသမား
ဘုရားလူကြီး၊ မြို့သူ ဗိုလ်ကတော်
ဗိုက်သားပေါ်တဲ့ အရာရှိ မယားငယ်နဲ့
အခြား ဟန်ဆောင်ကောင်းကြသူများ။ ။

mgyoe.com

 mgyoe.com SAMPLE BOOK 

## နေမင်းဟာ စရမ်းရောင် ဖြစ်တယ်

မန္တလေး 'ရမ်'ကို ဘယ်က ရတယ်
'ကြံ'က ရတယ်။
'ကြံ'ကို ဘယ်က ရတယ်။
ကြံခင်းထဲက ရတယ်။
ကြံခင်းကို ဘယ်သူ လုပ်ထားတယ်။
'လူ'က လုပ်ထားတယ်။
'လူ'ဟာ ဘယ်က ဖြစ်ပေါ်လာလဲ။
ဟို၊ ဟို၊ မျောက်က
ဗြဟ္မာကြီး လေးဦးက။
အဒမ်နဲ့ အိဗ်က။

အဲဒီ၊ ခင်ဗျား ပြောတာတွေ ဘယ်က ဖြစ်လာလဲ။
ဟာ ဗျာ ...။ ။

mgyoe.com

mgyoe.com SAMPLE BOOK


## အိမ်ဖြူတော် အပ်နှင်းခြင်း

သင်ဟာ အညတရ တစ်ဦးပါ
သင် 'နစ်ဆင်' ရဲ့ 'သမ္မတ'ရာထူး ရတဲ့အခါ
ဖော်လဂါအနီ၊ ကာဆီနိုပွဲရုံ
ဥရောပ သက်တန့်ရောင်စုံ
ရန်ကုန် ညနေခင်း၊ ဟန်ဂေရီမြို့တော်
မော်စကို 'ညဖြူ'များအား
လှပစေမလား၊ ဗုံးကြဲပစ်မလား
သင်ဟာ 'ဟစ်တလာ' ရဲ့ ဖခင် ဖြစ်မလား။ ။

mgyoe.com

mgyoe.com SAMPLE BOOK

## ရွှေဝါရောင် သရက်သီး၏ နောက်ဆုံးအချိန်

သရက်သီး ရွှေဝါရောင်ငဲ့
စိမ်းမှောင်ရွက်ရင့်၊ သရက်ပွင့်တို့ကြားမှ
သင့်ကို ရူးရပါတော့မည်။

ခွင့်လွှတ်ပါ
မျက်နှာလှသူ၊ အသည်းလှသူ
ငွေဖြူရောင် 'ခရစ်'နှင့်
ကျွန်ုပ် ချစ်သူ စားရန်
သင့်အား ရူးရပါတော့မည်။ ။

mgyoe.com

mgyoe.com SAMPLE BOOK


## အရက်ဆိုင်မှ ထခဲ့ပြီးနောက်

'ဂျက်ကလင်း'ဟာ
'အိုနာဆစ်' နဲ့
နှုတ်ခမ်းချင်း နမ်းစုပ်နေပါစေ။

မင်းဟာ
မာရ်စကာ ဘရန်ဒီ
စဲလ်မီ စီးကရက်
ဖီးယက်လိမ္မော်ရောင်
ဖူဂျီတောင်ပြာ
ချီကာဂိုနိုင်လွန်
ရောင်ကွန်နရီရဲ့ ရုပ်ရှင်ရိုက်ခတို့ထက်
တန်ဖိုးရှိ အချိန်များမှာ
အလုပ်တခုအား လုပ်ပါ
ဘာ့ကြောင့်
ဂျက်ကလင်းရဲ့အတင်း ပြောနေလဲ။

ပြီးတော့ ငါနဲ့ မင်းလည်း
'ဂျက်ကလင်း'ကို ရမယ်ဆိုရင်
လိုချင်ကြတာပဲ မဟုတ်လား။ ။

mgyoe.com

mgyoe.com

## ပေါင်မုန့်စားသူများအကြောင်း

နက်စ်ကဖီးရယ်
ရှယ်နယ်လ် နံပါတ်ငါးရယ်
စတော်ဘယ်ရီပင်ရယ်
သင်တို့ကို ကျွန်ုပ် လေးစားပါတယ်။

သင်တို့ရဲ့ အရှင်သခင် 'လူ'တွေကတော့
'ဘယ်ရီကရင်း လိမ်းရတယ်'
'ဆံပင်တိုတို ညှပ်ရတယ်'
'ကောလိပ်ပညာ တတ်ရတယ်'
'ဘုရား ရှိခိုးရတယ်'
'ရွှန်နယ်လ်ကား စီးရတယ်'
'ဗက် ၆၉ သောက်ရတယ်'
ဒီစာတမ်းတွေ ရှေ့မှာ ပြပြီး
ဒေါသဖြစ်ကြ၊ အတင်းပြောကြ
မနာလိုကြ၊ စိတ်ထားညစ်ကြ
ဒီလိုနဲ့ 'စစ်' ဆိုတာ ဖြစ်လာရတယ်။ ။

mgyoe.com

mgyoe.com

## စိတ်ကူးထဲက ချိုချဉ်များ

ကျွန်တော် လိုချင်တာ
သုံးခု ရှိပါတယ်။

မေရှင်ရဲ့ 'ပျို့မှာတမ်း'ဓာတ်ပြား။
ပီကာဆိုရဲ့ ပန်းချီကားတချပ်။
၃၁ လမ်းက ဝက်ထော်။

ကျွန်တော် မလိုချင်တာ သုံးခုကတော့
နစ်ဆင်၊ လူ၏ လမ်းစဉ်နဲ့
ငြိမ်းချမ်းရေး။ ။

mgyoe.com

mgyoe.com SAMPLE BOOK

## ဆေးလိပ်မီးခိုးများကို စက္ကူအိတ်ထဲ ထည့်ခြင်း

နောက် သုံးနှစ်မှာ
ငါဟာ ဘာဖြစ်မလဲ

ဖင်မလီယာ ပိုင်ရှင်လား။
ဂျိန်းဖောင်ဒါရဲ့ ခင်ပွန်းလား။
လက်ဖက်ရည်ဆိုင် အလုပ်သမားလား။
လန်ဒန်သပျစ်ခြံက သူဌေးလေးလား။
ဗီယက်နမ် တော်လှန်ရေး ရဲဘော်လား။
အစိုးရ အကျဉ်းသားလား။
အင်ဒီရာဂန္ဒီရဲ့ အတွင်းရေးမှူးလား။

နောက် သုံးနှစ်မှာ
ငါဟာ ဘာဖြစ်မလဲ။
ဘာဖြစ်မလဲ။ ။

mgyoe.com

mgyoe.com

စိမ်းလန်းတဲ့ ဇွန်လထဲမှာ မိုးရေစက်လေးတွေ ပြိုကျလာတော့ ကဗျာဆရာက လက်နဲ့ ခံယူလိုက်တယ်။ မိုးရေစက်လေးတွေဟာ ကဗျာဆရာ လက်ထဲမှာပဲ လိပ်ပြာ၊ ပန်းပွင့်၊ ကော်နီဖရန့်စစ် ဓာတ်ပြား၊ ငါးသုံးလုံး စီးကရက်၊ ဗက် ၆၉၊ ပီကင်း၊ ရှမ်စီလီစီး လမ်းမ၊ အင်ဒိုချိုင်းနားနဲ့ စစ်မုန်းသူ အမေရိကန် ရုပ်ရှင်မင်းသမီးလေး ဂျိန်းဖောင်ဒါ ဖြစ်သွားကြတယ်။

၃၀ ဇွန်၊ ၁၉၇၀

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

## သားပြန်လာပြီအမေ

သုခမိန်လှိုင်

၂၀၀၂။ အောက်တိုဘာ၊ စာအုပ်ဈေး။

mgyoe.com

mgyoe.com
SAMPLE BOOK

## သား ပြန်လာပြီ အမေ

သားက အိမ်ကို ကောင်းကောင်း ပြန်လာတာပါ အမေ
သား ပြန်လာတဲ့ လမ်းမှာ
အနှောင့်အယှက် အခက်အခဲတွေက
အများကြီးပဲ အမေရဲ့
သစ်ပင်ကြီးတွေကလည်း
ကောင်းကောင်း မပေါက်ကြဘူး
စောင်းစောင်းကြီးတွေ ပေါက်လို့
လယ်ကွင်းကြီးတွေကလည်း
လွှမ်းဆွတ်စရာတွေ
ခူးလို့ ဆွတ်လို့ မကုန်အောင်
သီးပွင့်နေသလိုပါပဲ အမေရယ်
လေတွေကလည်း
သား ပြန်လာမှာ သိလို့ ထင်ပါရဲ့
ခါတိုင်းထက် ပိုပြီး
ရှူးရှူးနှမ်းနှမ်း တိုက်ကြလို့
သားအတွက်
ခလုတ်တိုက်စရာ ခဲလုံးတွေကိုလည်း
တမင် ချထားကြသေးတယ် အမေ
ကောင်းကင်ကြီးကလည်း
ဒီနေ့ကျမှ ပိုပြီး
အုံ့အုံ့ဆိုင်းဆိုင်း ညို့မှိုင်းလို့

mgyoe.com

လမ်းမှာ ဖွင့်နေတဲ့ သီချင်းကတောင်
'သေအောင်သာ ရှာပါ မိုး'တဲ့
အဲဒါ
သားကို တမင် စောင်းဆိုနေတာပေါ့ အမေရဲ့
မြည်းတစ်ကောင်နဲ့ သားအဖ နှစ်ယောက်ကို
အပြစ်ပြောဖို့ စောင့်နေတဲ့
ပတ်ဝန်းကျင်ကလည်း ရှိပါသေး
ဒါပေမဲ့ ဒီနေရာမှာတော့
သားကပဲ သား
သားကပဲ အဖေ
သားကပဲ မြည်း
ပိုပြီး ပြောလို့ ကောင်းကြပြီပေါ့ အမေ
သား ထွက်သွားတုန်းက ၁၉၇၀
(အမေ့ အသက်က ၄၇
ဒီနေ့ သားအသက်က ၅၄ နှစ်ထက်
၇ နှစ် ငယ်သေးတယ်)
အဲဒီတုန်းက
သားက ဆံပင်ရှည်နဲ့
ဂျင်းဘောင်းဘီနဲ့
'ဂွျန်လ၏မိုးရေများ' အသစ်စက်စက်နဲ့
ပိုက်ဆံတော့ မပါဘူး အမေ
သား ဘူတာရုံမှာ အိပ်တယ်
လမ်းပေါ်မှာ စာအုပ်ရောင်းတယ်

mgyoe.com

mgyoe.com
SAMPLE BOOK


အမေ့အိမ်မှာ
တစ်နေ့ လက်ဖက်ရည် ၃ ခွက်
စိတ်အေးလက်အေး သောက်နိုင်ခဲ့တဲ့ သားဟာ
သူများ တိုက်မှပဲ
လက်ဖက်ရည် တစ်ခွက်ကို အနိုင်နိုင်
သောက်နိုင်တော့တယ် အမေ
အဲဒါ
နွေ ဆယ်ခု
မိုး ဆယ်ခု
ဆောင်း ဆယ်ခု
ရာသီဥတုတွေ အများကြီး
အကြာကြီးပါ အမေ
အဖြစ်အပျက်တွေကလည်း
အများကြီးပါပဲ အမေ
တစ်ဘဝတည်းနဲ့
ဘဝပေါင်း ငါးရာ့ငါးဆယ်
တစ်ခါတည်း တင်ဆက်ရတာလားလို့
သား အသံထွက်ခဲ့ဖူးပါတယ်
ဒါပေမဲ့ အားလုံး ချုပ်လိုက်တော့
မြတ်စွာဘုရားရဲ့
အနိစ္စ၊ ဒုက္ခ၊ အနတ္တ
သုံးမျိုးထဲမှာပါပဲ အမေ။
ကဲ ... အခု သား ပြန်လာတော့ ၂၀၀၂
(အမေ မရှိတော့ဘူး
အမေ ရှိရင် အသက် ၈၀)
သား နဖူးပေါ်က ဆံပင်တွေ
ဘယ်သူ ယူသွားကြပြီလဲ

mgyoe.com

mgyoe.com

(မတတ်နိုင်ဘူး အမေ)
ဗိုက်ပူတာကိုတော့
ကိုယ်တိုင် မကြိုက်လို့
၁၉၈၀ လောက်ကတည်းက
ဆင်ဆင်ခြင်ခြင် နေမိလို့
သိပ်တော့ မဆိုးပါဘူး
သား အခုထိ ကြိုက်လို့ မရဘဲ
သုံးလို့ပဲ ကောင်းတဲ့ ပိုက်ဆံတွေကိုလည်း
သား တော်တော် ရှာတတ်လာပါပြီ အမေ
အမေ့မြို့ကလေးမှာတော့
ဦးလေးကိုလှမောင် ဆံပင်ညှပ်ဆိုင်
မရှိတော့ဘူး အမေ
ငယ်သူငယ်ချင်း ရဲမြင့်ကြီးက
ဘူတာရုံမှာ စံပယ်ပန်းတွေ ရောင်းလို့။
ကမ္ဘာကြီးကလည်း
နည်းပညာ အသစ်အဆန်းတွေနဲ့
ပိုကြီးလို့၊ ပိုထွားလို့
မိုးထိတိုက်ကြီးတွေ
မိုးပျံလမ်းမကြီးတွေ
ပိုကြီး ပိုထွားသွားတော့
လူသားဘဝကလည်း
ပိုပြီး သေးငယ်
သေးသိမ်သွားရပြီပေါ့
သားက အဲဒါကို မခံနိုင်တာပါ အမေ

mgyoe.com

mgyoe.com SAMPLE BOOK

ကမ္ဘာကြီးကို ချိတ်ဆက်ထားတဲ့
ကွန်ရက် လမ်းမကြီးတွေ ပိုရှည်
လူသားဘဝတွေကို
တန်ဖိုးကျစေတဲ့
စတော့ရှယ်ယာ ဈေးနှုန်းတွေ ပိုရှည်
ကမ္ဘာကြီးကို
လူသားဘဝတွေကို
နေ့စဉ် ခြောက်လှန့်နေတဲ့
စစ်အေး၊ စစ်ပွဲကြီးတွေ ပိုရှည်
သား မျှော်လင့်မှုတွေ
ဟိုတုန်းကထက် ပိုရှည်
သား ဆံပင်တွေတော့
တိုသွားခဲ့ပြီ အမေ
သားက
နိုင်ငံရေးသမား မဟုတ်ပါဘူး အမေ
သားလည်း ပျော်ချင်သလို
သူများတွေလည်း ပျော်ချင်မှာပဲလို့
ကိုယ်ချင်းစာ စိတ်လောက်ပဲ
ထားနိုင်သူပါ အမေ။

သား – အရက်တွေကို ကြိုက်ချင်လာတယ် အမေ
ဒါပေမဲ့
သား မကြိုက်ရဲဘူး အမေ
ဆက်ပြီး ဝန်ခံရဦးမှာပါပဲ
သူယောင်မယ်လေးတွေကို
ကြိုက်ချင်စိတ်တွေကလည်း
သား တစ်ကိုယ်လုံး
ချစ်ချစ်တောက်နေတာပါ အမေ

mgyoe.com

mgyoe.com

ဒါပေမဲ့ ဒါလည်း
    သား မရွေးရဲပါဘူး အမေ
ကျွန်တော် နေတဲ့ ကမ္ဘာကြီးကို ချစ်တယ်
ကျွန်တော်နဲ့တူတဲ့ လူသားတွေကို ချစ်တယ်
ဒါကြောင့် ဝင်ပြီး မျှယူ ကူထမ်းဖို့ဆိုတာ
    ပြောတော့ လွယ်တယ်
        တော်တော် ခက်တာပဲ အမေ
အံ့မယ် – ဒါပေမဲ့
    မဟုတ်တာတွေ လုပ်ချင်ရင်
        ကိုယ့်ကိုယ်ကိုယ် ဖျက်ဆီးချင်ရင်တော့ မခက်ဘူး
            လွယ်လိုက်တာ အမေရေ ...
ဒါပေမဲ့ လောလောဆယ်တော့
    အခက်အခဲတွေကိုပဲ
        သား ရွေးချယ်ထားဆဲပါ အမေ

(တစ်ခါတလေတော့
    မကောင်းမှု နည်းနည်းလေးတွေကို
        လူမသိ သူမသိ
            သား လုပ်တတ်ပါသေးတယ်
သား မကြိုက်တာက
    ဒါကို သားကိုယ်တိုင် သိနေတာကိုပါ)။
ထွက်သွားတာက
    နှစ် ၃၀ ကျော် ကြာသွားပြီ
အဖြစ်အပျက်တွေက
    ၃ ဘီလျံ မကတော့ဘူး

သားအတွက် အမေ ဂုဏ်ယူစရာကတော့
၃ ခုလောက်ပဲ ရှိပါတယ် အမေ
၁။ ဂျွန်လ၏ မိုးရေများ။
၂။ အရှုံးချည်းပဲ ဖြစ်ရမယ့် နှစ် ၃၀ မှာ
ပိုက်ဆံနဲ့ လဲခဲ့ရတဲ့ ဘဝထဲက
ငွေကြေးတန်ဖိုး မဖြတ်နိုင်တဲ့
သားရဲ့ သီချင်းစာသား တချို့နဲ့
ရုပ်ရှင်၊ ချစ်သူ၊ ပင်လယ်
နောက်ထပ် ကဗျာတိုနုံ့နုံ့လေး တချို့။
၃။ နှစ် ၃၀ ရဲ့
အလွမ်းတွေ၊ အချစ်တွေ
အားလုံး ပါအောင်
တင်ဆက်လိုက်တဲ့
သားရဲ့ 'ပင်လယ်စီးခြင်း'
ပန်းချီကား ၂၀။
ကိုယ့်ရွေးချယ်မှုနဲ့ ကိုယ်
ဘဝဟာ သေဆုံးရလောက်အောင်
ပျက်စီးရချိန်မှာ
အချစ်စိတ်နဲ့ အသက်ရှင်ရခြင်း တန်ဖိုးနည်းနည်းလေးကိုပဲ
သား ဂုဏ်ယူမိတာပါ အမေ
အရေအတွက် နည်းလို့တော့
တော်တော် ရှက်စရာကောင်းတဲ့ သားပါ အမေ။
ဒါပေမဲ့ သားကို ဂုဏ်ယူပါ အမေ
သားကို ဂုဏ်မယူပါနဲ့ (အဆိုးများအတွက်)
ကမ္ဘာကြီးကို ဂုဏ်ယူပါ အမေ
ဂုဏ်မယူပါနဲ့ (သားအတိုင်းပါပဲ)။

mgyoe.com

mgyoe.com

အမေ့မြို့လေးထဲက
ဆံပင်ရှည်
ဂျင်းဘောင်းဘီနဲ့
ထောင့်မကျိုးတဲ့ လူငယ်လေးတစ်ယောက်
ထွက်လာတယ်။
အမေ့ မြို့လေးထဲကို
ဆံပင်တို ကျိုးတိုးကျဲတဲ
ပုဆိုး ဖိုသီဖတ်သီနဲ့
ကျန်ရှိနေသေးတဲ့
အသက် ၈၈ နှစ် အဖေ့ကို
ကန်တော့စရာ ပစ္စည်းပစ္စယတွေနဲ့
ဒီလောက် အဆော်အတီး ခံထားရတာတောင်
ထောင့်မကျိုးသေးတဲ့
ငနဲကြီးတစ်ကောင်
ပြန်ဝင်လာတယ်။
အမေ ဆူမှာ မဟုတ်ဘူးဆိုတာ သား သိပါတယ်
သား ကဗျာကို ချစ်လျက်ပါ အမေ
သား ထွက်သွားတုန်းကလည်း
ဒီအတိုင်း
သား ပြန်လာတော့လည်း
ဒီအတိုင်း
(ကမ္ဘာကြီး လှနေနိုင်သေးတာ
ကဗျာကြောင့်လို့
ယုံကြည်လို့ပါ အမေ)
ဒါကိုတော့ သားကိုယ်တိုင် ဂုဏ်ယူပါတယ် အမေ။

mgyoe.com

mgyoe.com SAMPLE BOOK

အမေရေ ...
အကောင်းတွေရော အဆိုးတွေရော
ကမ္ဘာကြီးက ပိုပြီး
ပြောင်လက် တိုးတက်လာတာ အမှန်ပါပဲ

အမေ့ကို ကျွေးချင်တဲ့
မုန့်အဆန်းအပြားတွေလည်း
အများကြီး ပေါ်ထွက်လာလျက်ပါပဲ အမေ
ဒါပေမဲ့
ကြက်မကြီးက
ကြက်ဥတွေကိုပဲ ဥလျက်ပါပဲ
နွားမကြီးကလည်း
နွားကလေးတွေကိုပဲ မွေးလျက်ပါပဲ
မကောင်းတာ တွေ့ရင်
ကောင်းအောင် လုပ်ရမယ့် အခြေခံတရားကတော့
အမေ ရှိစဉ်ကအတိုင်း
မပြောင်းလဲဘူးဆိုတာ
ပြောချင်တာပါ အမေ
အမေ့ကို တိုင်တည်ပြီး
သား ရေးချင်တာတွေ
လျှောက်ရေးထားတဲ့ ဒီကဗျာဟာ
အမေ့ကို မတိုင်တည်လို့ မဖြစ်ပါဘူး အမေ
ဒါကတော့
သားရဲ့ ခွန်အားတွေဟာ
အမေ့နောက်ကို လိုက်လာဖို့မှာသာ
အတွန့်အဆုတ် မရှိ
အားကောင်းမောင်းသန် စိတ်ညွတ်နေခဲ့လို့ပါပဲ။ ။

အောက်တိုဘာ ၅၊ ၂၀၀၂။

mgyoe.com

mgyoe.com
SAMPLE BOOK


ဝန်ခံချက်

ဟစ်ဟော့သီချင်းတစ်ပုဒ် နားထောင်နေတုန်း အဲဒီသီချင်းနဲ့အတူ တစ်ချိန်တည်း၊ တစ်ရှိန်တည်း ရေးဖြစ်သွားတယ်။ တစ်နာရီကျော် ကြာတယ်။ ရေးနေချိန် အရှိန်ထဲမှာ သူငယ်ချင်း အောင်ချိမ့်ရဲ့ အသွားတချို့ ဝင်လာတာကိုလည်း မငြင်းဘဲ ယူဆောင်ခဲ့တယ်။

အမေက ကျွန်တော့်ကို မွေးတဲ့ အင်္ဂလိပ်မွေးနေ့ (၁၇၊ ၁၀၊ ၀၂) ရောက်ဖို့ ၁၂ ရက်အလို၊ မြန်မာမွေးနေ့ (သီတင်းကျွတ် လပြည့်နေ့) ရောက်ဖို့ ၁၆ ရက် အလိုမှာ ဖြစ်ပါတယ်။

ပြီးတော့မှ ဒါကို ဒီနှစ် မွေးနေ့လက်ဆောင်အဖြစ် ကျွန်တော် ချစ်ခင်သူ နည်းနည်းကို ပေးဖို့ စိတ်ကူးမိပြီး ဒီအစီအစဉ်လေး ဖြစ်လာခဲ့တာပါပဲ။

၅၊ ၁၀၊ ၀၂။

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

## ပင်လယ်မှာ ပျောက်ဆုံးသွားသော အရာ

သုခမိန်လှိုင်

၂၀၀၃၊ အောက်တိုဘာ၊ နှစ်တာလများ။

mgyoe.com

mgyoe.com SAMPLE BOOK

## မာတိကာ အစဉ်


၁။ ကဗျာ ကြည့်ခြင်း ၆၃
၂။ ပန်းချီကား နီနီ ၆၄
၃။ ထိုရေအိုင် ၆၆
၄။ နာရီတစ်လုံးအကြောင်း ၆၇
၅။ မီးစီးသူ ၆၈
၆။ ချိန်းဆိုသော ကဗျာ ၆၉
၇။ အစိမ်းရောင် ဥစ္စာစောင့်များ ၇၁
၈။ အပြာရောင် ငါး ၇၂
၉။ ရေအိမ် ၇၃
၁၀။ အချစ်တေးသွား ၇၄
၁၁။ ကျွန်တော့် စိုက်ခင်းများ ၇၅
၁၂။ ပင်လယ်မှာ ပျောက်ဆုံးသွားသော အရာ ၇၇


mgyoe.com

mgyoe.com SAMPLE BOOK

## ကဗျာကြည့်ခြင်း

ရုပ်ရှင်ကားတစ်ကား ပြီးစီးသွားပုံပါပဲ။ သင့်တင့်တဲ့ ဇာတ်သိမ်းခန်းလည်း ပါရှိဟန်ပါပဲ။ သေသလား၊ ရှင်သလား၊ မင်းသားနဲ့ မင်းသမီး ပေါင်းရသလား၊ အားလုံး ကျေနပ်လောက်တဲ့ အဆုံးသတ်တစ်ခု ရရှိပါလိမ့်မယ်လို့တော့ အာမခံချက် မပေးနိုင်တဲ့ ဘဝဇာတ်ထုပ်ကြီးပါပဲ။ ဒါပေမဲ့ ကျေနပ်မှုတစ်ခုတော့ ရရမှာပေါ့။ အချစ်တွေနဲ့ စကားကတော့ ဒီလို ကျွံချင်ပါတယ်။

ဘာပဲဖြစ်ဖြစ် ဒီတစ်ကားတော့ ပြီးသွားပြီ။ နောက်ထပ် ရုပ်ရှင်တွေ ကြည့်ကြပါဦးစို့။ တစ္ဆေသရဲကားတွေလို ကြောက်ရွံ့နေသူတွေလည်း ရှိမလားပဲ။ ဘာပဲဖြစ်ဖြစ် နောက်တစ်ကြိမ် တွေ့ကြပါဦးစို့။

**သုခမိန်လှိုင်**

၁၂၊ ဇူလိုင်၊ ၂၀၀၃။

**စကားကြွင်း**

ကျွန်တော်ဟာ သင်တို့ ပျင်းစရာ မကောင်းခဲ့ရင်ပေါ့။

mgyoe.com

mgyoe.com
SAMPLE BOOK


## ပန်းချီကား နီနီ

အဖေ့ ပန်းချီကားထဲမှာ
မြေနီလမ်းကလေး ရှိတယ်
သစ်ပင်နီနီ
ညနေနီနီ
တောင်တန်းနီနီ
လှပနေသော အနီများ။

မြေနီလမ်းကလေးကလည်း
အမြဲ ပြန့်ပြူးနေတာပဲ။

သစ်ပင်နီနီကလည်း
အမြဲ ခိုင်မတ်နေတာပဲ။

ညနေနီနီကလည်း
အမြဲ မှောင်ကျမသွားဘူး။

တောင်တန်းနီနီကလည်း
အမြဲ တည်တံ့နေလျက်ပါ။

mgyoe.com

mgyoe.com
SAMPLE BOOK

ကျွန်တော်
အရိုးများနှင့်
ပြာနှမ်းသွားတိုင်း
အဖေ့ ပန်းချီကားထဲ
ဝင်သွားလိုက်တာပဲ
ပြန်ထွက်လာရင်
ကျွန်တော် အနီ။

ကျွန်တော်
ခေါင်းငိုက်စိုက်ချရသော
အမောများနှင့်
ဖြူရော်သွားတိုင်း
အဖေ့ ပန်းချီကားထဲ
ဝင်ရောက် ချွေးသိပ်လိုက်တာပဲ
အဆိုးများစွာ
မြေလွတ်မြေရိုင်း မကျန်
ပေါက်ရောက်တတ်သော
လောကကြီးထဲသို့
ပြန်ရောက်လာတိုင်း
ကျွန်တော်သည် အနီ။

မလွယ်သော
လောကဓံ ကြိုးဝိုင်းထဲမှ
မမြင်ရသော
လက်သီးချက်များဖြင့်
ဖူးပွင့်ခဲ့ရသော ကျွန်တော်သည်
အဖေ့ရဲ့ အနီ
ပန်းချီကား တစ်ချပ်ပါပဲ။ ။

mgyoe.com

mgyoe.com
SAMPLE BOOK

## ထိုရေအိုင်

ရှုခင်းလေးတစ်ခု ရှေ့မှာ
အေးမြ သာယာနေလိုက်တာ
ဒီကမ္ဘာကြီးမှာ
စစ်ပွဲတွေ ရှိတယ်လို့
ဘယ်သူက ထင်မှာလဲ။

ထိုအကွေ့လေးကနေ
ရှေ့ကို မချိုးရဲလောက်အောင်
ငါ သတိကြီးနေခဲ့ပုံဟာ
ရေအိုင်လေးတစ်အိုင်ကို ခုန်ကူးဖို့
ကလေးငယ်တစ်ယောက်
ကြောက်ရွံ့နေခဲ့သလို။ ။

mgyoe.com

mgyoe.com
SAMPLE BOOK


## နာရီတစ်လုံးအကြောင်း

လတ်လတ်ဆတ်ဆတ်
ပင်လယ်ငါးကြီးတွေ မဟုတ်ပါဘူး
အဲဒါ
ကျွန်တော့်ကိုယ်ထဲက ပြိုးပြိုးပြက်ပြက်တွေပါ
ဦးထုပ်တစ်လုံးလို ဆောင်းလို့လည်း မရပါဘူး
ဖိနပ်တစ်ရန်လိုလည်း အကူအညီ မပေးနိုင်ပါဘူး
ဆားတစ်ပွင့်လိုလည်း အပေါ့အငန် မစွမ်းပါဘူး
ကျွန်တော့် ပြတင်းပေါက်ကို
ဖွင့်လိုက်မိတာပါပဲ။ ။

mgyoe.com

mgyoe.com
SAMPLE BOOK


## မီး စီးသူ

မီးရထားက
ဥသြဆွဲသံနဲ့
ငါ့ကို စောင့်နေပြီ။

တာဝတိံသာမှ
လာသော မျက်ရည်တစ်စက်
လက်ပေါ် ကျလာတယ်။

ခရီးစဉ်မှာ
အမြိုက်တရားသို့
ဘူတာစဉ်များမှာ
ငရဲများမို့
အလျှံတညီးညီး
နေကြာပန်းခင်းကြီးကို
မီးနဲ့ သယ်ဆောင်ခဲ့ပါပြီ။ ။

mgyoe.com

## ချိန်းဆိုသော ကဗျာ

ကမ္ဘာကြီးကို
ထကြည့်ရန်
ပျင်းမိသော နေ့က
နားတွေကို တိုင်မှာ ချိတ်လိုက်တယ်
မျက်လုံးတွေကို အံဆွဲထဲ ထည့်လိုက်တယ်
ဦးခေါင်းကို စားပွဲပေါ် တင်လိုက်တယ်
အိပ်ရာပေါ်မှာ
ခွေလို့ ခေါက်လို့ရတဲ့ စောင်တစ်ထည်ပမာ
ငါပါပဲ။

အပြင်မှာ
သစ္စာပန်းတွေ လှပနေတာလည်း
သိပြီးသားပဲ
တေးသံတွေ မွှေးပျံ့နေတာလည်း
ကြားပြီးသားပဲ
ငှက်အုပ်တွေ ကဗျာရွတ်ဆိုနေဟန်များလည်း
မြင်ပြီးသားပဲ
အမှိုက်ပုံတွေလည်း တစ်ပုံပြီးတစ်ပုံ
ယင်ကောင်တွေလည်း တစ်အုံပြီးတစ်အုံ
စစ်ပွဲတွေလည်း တစ်ပွဲပြီးတစ်ပွဲ
အာရုံများထဲ
သံမှိုတွေ စွဲလို့။

mgyoe.com

mgyoe.com
SAMPLE BOOK


ဘယ်တော့ ပြန်လာဦးမလဲ
တနင်္လာ၊ အင်္ဂါ
အဆင်ပြေရာ၊ တစ်ခါတစ်ကြိမ်
အမာစိန် အငြိမ့်လေး ဘာလေး
ပန်းခြံမှာ ကတဲ့ တစ်နေ့
ငါတို့ တွေ့ကြရအောင်ကွာ။ ။

mgyoe.com

## အစိမ်းရောင် ဥစ္စာစောင့်များ

မော်တော်ကား သွားတာ
ဘီးလေးဘီးကြောင့်လား
အင်ဂျင်ကြောင့်လား
ဓာတ်ဆီကြောင့်လား
ငါကတော့
နောက်ကြည့်မှန်ထဲမှာ ကျန်ခဲ့ကြတဲ့
ရှုမျှော်ခင်းတွေကို လွမ်းတတ်တယ်။

ငါတို့အဖြစ်က
သွားနေကြတာလား
ကျန်ခဲ့ကြတဲ့ ရှုမျှော်ခင်းတွေလား
ဘာမှန်းမသိတဲ့ အဲဒီ ဆွေးမြည့်မှုဟာ
သစ်ပင်တွေလို
တစ်ပင်ပြီးတစ်ပင်
တရိပ်ရိပ် လိုက်လို့။ ။

mgyoe.com

mgyoe.com
SAMPLE BOOK


## အပြာရောင်ငါး

လူ့ရုပ် မပီတော့တဲ့ ဘဝဟာ
ရေမှိုးသန့်စင်
အဝတ်အစားလဲ
လမ်းထွက်တတ်တယ်။

ကြည့်စမ်းပါဦး
ဟောဒီ စကြဝဠာကြီးဟာ
ကြည့်ပျော်ရှုပျော်
တော်တော် လှတာပါပဲလား။

မိုးသား
တောအုပ်
မြက်ခင်း
ရေကန်များနဲ့ မွှားတော့
မိတ့် ငါးဟာ ငါပါပဲ။

ကိုယ့်အခန်း ကိုယ် ပြန်ရောက်ပြီး
လူပြန်ဖြစ်ရမှာကို
ရေကန်ထဲမှာ ပုန်းနေမိတော့တယ်။ ။

mgyoe.com

## ရေအိမ်

ယဉ်ကျေးခြင်းသည်
တစ်ဦးအိတ်ထဲမှ ပိုက်ဆံ
တစ်ဦးထံသို့
ညင်သာစွာ ရောက်ရှိလာရန် လိုသည်။

ပန်းတွေ
ရေမွှေးပုလင်းထဲ ရောက်ရှိ
သစ်သီးများ
ဝိုင်ပုလင်းထဲ ရောက်ရှိ
ကျွန်းပင်များ
ဧည့်ခန်းဆောင်ထဲ ရောက်ရှိ
အဏုမြူများ
နျူကလီးယားဗုံးထဲ ရောက်ရှိ
ဘယ်လောက် သိမ်မွေ့လိုက်သလဲ။

ခေတ်လူသားသည်
ရေလောင်းအိမ်သာပေါ်မှာ
အညစ်အကြေးတွေ မမြင်ရအောင် ထိုင်နေသလိုလေ
ကျွန်တော်တို့ နေထိုင်ခဲ့ပြီ။ ။

mgyoe.com

mgyoe.com

## အချစ်တေးသွား

မိုးရွာပြီးစ
နေရောင်ခြည်ထဲမှာ
ငါ့ကို ထည့်လျှော်ပါ။

သစ်ပင် တစ်ပင်လုံးနဲ့
အကိုင်း အခက် အရွက် အစုံအလင်နဲ့
ငါ ပြန်လာမယ်။

ရေကူးကန် တစ်ကန်လုံးနဲ့
ကြည်ပြာရောင် အပြည့်အလျှံနဲ့
ငါ ပြန်လာမယ်။

ဓောက်ထိုးမိုးမျှော် မိုးဟာ
နှင်းဆီပွင့်ရဲ့ ကိုယ်ပေါ်မှာ
ဦးခေါင်း မြဲမြဲသကဲ့သို့
ငါ ပြန်လာမယ်။

ငါ့အလိုမကျမှုတွေနဲ့
ငါ့အချစ်တွေ
အချေအတင် ဖြစ်နေပုံပါပဲ။

မီးသင့်ခဲ့တဲ့ သစ်တုံး
မဟော်ဂနီရောင် တောက်ပလာဦးမယ်ဆိုတာ
အကောင်းဆုံး သီချင်းတစ်ပုဒ်ပေါ့။ ။

mgyoe.com

mgyoe.com

## ကျွန်တော့် စိုက်ခင်းများ

ယောက်ျားတစ်ယောက်က မိန်းမတစ်ယောက်ကို
အနိုင်ကျင့်တာ တွေ့မယ်
မင်း ဘာလုပ်မလဲ ?

ကျွန်တော် တားပါမယ်။

စိမ်းဖွဲ့သော မြေပြင်မှာ
သစ်ပင်တွေ တစ်ပင်မှ မရှိအောင်
ခုတ်ထွင်ပစ်မယ်
မင်း ဘာလုပ်မလဲ ?

ကျွန်တော် တားပါမယ်။

ပြာနွဲ့သော ကောင်းကင်
ဆင်ယင်မှုအောက်မှာ
စစ်ပွဲကြီးတစ်ပွဲ ဖြစ်မယ်
မင်း ဘာလုပ်မလဲ ?

ကျွန်တော် တားပါမယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ကြွေစရာရှိသော သစ်ရွက်များ
ကြွေကျကြသည်သာ
ရုပ်သိမ်းစရာရှိသော
လရောင်များ
ဆုံးရှုံးရန်ရှိသော
ရတနာများ
ပျက်ကွက်ရန်ရှိသော
ဖြဟ္မစိုရ်တရားများ
တစ်ကြိမ်တစ်ခါမျှ မနမ်းဆွတ်ခဲ့ဖူးသော
နတ်ပန်းမဥ္ဇူများပမာ. . .

ကျွန်တော် တားပါမယ်။ ။

mgyoe.com

mgyoe.com SAMPLE BOOK

# ပင်လယ်မှာ ပျောက်ဆုံးသွားသော အရာ

မိုးသားတွေ အုပ်စုဖွဲ့
ရှာဖွေ မပေးနိုင်ခဲ့ကြပါဘူး
ငါ ပင်လယ်မှာ ပျောက်ဆုံးသွားသော အရာ။

သန်းပေါင်း များစွာသော
ကြယ်ပွင့်တွေ စိမ်းစိမ်းပြက်ပြက်
လက်မှိုင်ချကြ
ငါ ပင်လယ်မှာ ပျောက်ဆုံးသွားသော အရာ။

အပ်တစ်ချောင်းထက် သေးငယ်သလား
စကြဝဠာထက် ကြီးမားသလား
အရွယ်အစား၊ အလေးချိန်
ပုံပန်းသဏ္ဌာန်၊ အရောင်အဆင်း
ငါကလည်း
ဘာတစ်ခုမှ ပြောမပြနိုင်။

လူများစွာ ဖော်ရွေ နှုတ်ဆက်တတ်သော
ရောင်စုံ ဝတ်ရုံအောက်မှာ
အသက်ရှင်မှုသည် သိမ်ငယ်စွာ
သေရာပါရတော့မှာပါ
ငါ ပင်လယ်မှာ ပျောက်ဆုံးသွားသော အရာ။ ။

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

# အင်ဒီဝါးဟိုးလ်တို့ကမ္ဘာ

အိုင်ဒီယာမဂ္ဂဇင်း

## သုခမိန်လှိုင်

၂၀၀၈၊ ဩဂုတ်၊ မိတ်တူးချိုချို။

mgyoe.com

mgyoe.com SAMPLE BOOK

# တစ်နေ့ တစ်လံ ခွဝံကြယ် ဘယ်ပြေးမလဲ

ဗင်ဂိုး ... သေကြောင်းကြံ ကွယ်လွန်ခဲ့တာ ၁၁၈ နှစ် ကြာမြင့်ခဲ့ပါပြီ။ ကျွန်တော် ပါဝင်တဲ့ ကမ္ဘာကြီးဟာ ဗင်ဂိုးလို ကြေကွဲမှုတွေ နောက်ထပ် မဖြစ်ပေါ်အောင် ကာကွယ်နိုင်ခဲ့ပြီ လား။

မင်းကွာ ... မင်းကိုယ်မင်းတောင် အနိုင်နိုင်၊ မင်း မိသားစု တောင် အနိုင်နိုင်၊ မင်း မိတ်ဆွေတွေ၊ ချစ်သူတွေတောင် အနိုင် နိုင်။ ဘယ့်နှယ်ကြောင့် မဏ္ဍပ်တိုင် တက်ချင်ရတာလဲ။ မေးစရာ ရှိလာပါတယ်။

ဟုတ်ပါတယ်။ ကျွန်တော် တက်ချင်တာ အဲဒီ မဏ္ဍပ် တိုင်ပါ။ လူဟာ လူနဲ့တူဖို့၊ ပျင်းစရာ လူပုံတူ မဟုတ်။ ပျော်စရာ ကောင်းတဲ့ လူပုံတူ။

**သုစမိန်လှိုင်**

၂၀၊ ၂၊ ၂၀၀၈။

mgyoe.com

mgyoe.com SAMPLE BOOK

အင်ဒီဝါးဟိုးလ်ကို အမေရိကန် Pop Art ရဲ့ ရှေ့ဆောင်သူ တစ်ဦးလို့ သတ်မှတ်ကြပါတယ်။ သူဟာ ကြော်ငြာပန်းချီ ရေးဆွဲသူ၊ ဒိုင်ယာရီရေးသူ၊ ရုပ်ရှင်ဒါရိုက်တာ၊ ပန်းချီဆရာ၊ ပစ္စည်းဒီဇိုင်နာ၊ ပုံတူပန်းချီ ရေးဆွဲသူ၊ ပန်းပုထုသူ (အနည်းဆုံး ပစ္စည်းများကို ပြုလုပ်တပ်ဆင်သူ)၊ ဓာတ်ပုံဆရာ၊ မဂ္ဂဇင်းထုတ်လုပ်သူ စတဲ့ အနုပညာလုပ်ငန်း များစွာ ပြုလုပ်ခဲ့သူပါ။

အင်ဒီဝါးဟိုးလ်ကို ၁၉၂၈ ခုနှစ်မှာ အမေရိကန်နိုင်ငံက Pittsburg မြို့မှာ မွေးဖွားခဲ့ပါတယ်။ ၁၉၄၅ မှာ New York မြို့ကို ပြောင်းရွှေ့လာခဲ့ပါတယ်။

သူဟာ commercial art လို့ ခေါ်တဲ့ မဂ္ဂဇင်းတွေမှာ ကြော်ငြာတွေ ရေးဆွဲရာကနေ စတင် နာမည်ရလာခဲ့ပါတယ်။

၁၉၆၂ ခုနှစ်မှာ Los Angeles မြို့က Ferus Gallery မှာ ပြသခဲ့တဲ့ တစ်ကိုယ်တော် ပန်းချီပြပွဲမှာ ပြခန်းတစ်ခုလုံးမှာ Campbell ကုမ္ပဏီက ထုတ်တဲ့ စွပ်ပြုတ်ဘူး ပုံတူတွေပဲ ချိတ်ဆွဲ ပြသထားခဲ့တာ အထူးကို အောင်မြင်မှု ရခဲ့ပါတယ်။ သူ့ရဲ့ အောင်မြင်မှုဟာ နိုင်ငံတကာအဆင့်အထိ ရောက်ခဲ့ပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ဝါးဟိုးလ်ဟာ အောင်မြင်ကျော်ကြားတဲ့ အနုပညာရှင်တစ်ဦး ဖြစ်ပေမဲ့ သူ့မှာ မိုနာလီဇာလို၊ ဗွာရာနီကာလို မာစတာပိစ်တွေ မရှိခဲ့တာကိုက သူ့ရဲ့ ထူးခြားမှုတစ်ခုပါ။ ဝါးဟိုးလ်ရဲ့ ကြီးကျယ်ခမ်းနားတဲ့ လက်ရာ အားလုံးဟာ တစ်ခုခုကို ထပ်တူ ပုံတူ ပွားထားတာတွေပါပဲ။ ဥပမာဆိုရင် မာရီလင်မွန်ရိုး ရဲ့ ပုံတူတွေ၊ စွပ်ပြုတ်ဘူးတွေ၊ ကိုကာကိုလာဘူးတွေ စသဖြင့်ပေါ့။

သူ့ရဲ့ ထူးခြားတဲ့ စိတ်ကူးစိတ်သန်းတွေ၊ အများနဲ့မတူတဲ့ အပြုအမူ တွေဟာ အဲဒီအချိန်မှာတော့ လုံးဝ အသစ်ဖြစ်သလို အထူး စိတ်ဝင်စားမှု ခံခဲ့ ရတယ်။ သူ့ရဲ့ ထူးခြားတဲ့ အပြုအမူတွေကတော့ သူ့ရဲ့ ဟောပြောပွဲတွေကို သူ့ ဟန်ဆောင်သူတစ်ဦးကို သွားစေခဲ့တာ၊ သူ့ရဲ့လက်ထောက်ကို သူ့ပန်းချီ ကားတွေ ဆွဲခိုင်းခဲ့တာ၊ သူ့ရဲ့ ပန်းချီကားတွေပေါ်မှာ သူ့အမေကို လက်မှတ် ထိုးစေခဲ့တာ၊ သူများတွေရဲ့ ဖုန်းခေါ်ထားတဲ့ မှတ်တမ်းတွေကို စုစည်းထားတာ မို့ သူ တစ်ခါမှ မဖတ်ခဲ့ဘူးဆိုတဲ့ ဝတ္ထုစာအုပ်ကို ထုတ်ဝေခဲ့တာ၊ America လို့ နာမည်တပ်ထားပြီး ပြင်သစ်မှာ ရိုက်ထားတဲ့ပုံတွေပဲ ပါတဲ့ ဓာတ်ပုံစာအုပ် တစ်အုပ် ထုတ်ဝေခဲ့တာတွေပါ။ သူဟာ သူ့အမေ ကွယ်လွန်တဲ့ ၁၉၇၂ ခုနှစ် အထိ အမေနဲ့ တစ်ခန်းတည်း အတူနေခဲ့တယ်။ ၁၉၆၀ ပြည့်နှစ်အတွင်းမှာ ဆံပင်တွေ ကျွတ်ကုန်လို့ ဆံပင်အတုတွေ အမြဲ စွပ်ထားခဲ့တယ်။

သူဟာ အနုပညာလက်ရာတွေကို စိတ်အားထက်သန်စွာ စုဆောင်း တတ်သူတစ်ဦး ဖြစ်ပေမဲ့ သူ စုဆောင်းထားတဲ့ လက်ရာတွေကို သူ့အိမ်က အခန်းတစ်ခုထဲမှာ စုထည့်ထားပြီး ဘယ်သူ့မှလည်း မပြဘူး။ (သူကိုယ်တိုင် တောင်) တစ်ခါမှ မကြည့်ခဲ့ဘူးလို့ ဆိုပါတယ်။

ဝါးဟိုးလ်ဟာ ၁၉၆၃ မှ ၁၉၇၆ အထိ ရုပ်ရှင်တွေကိုလည်း ရိုက်ကူး ခဲ့ပါတယ်။ သူ့ရဲ့ ရုပ်ရှင်တွေဟာ လူကြည့်များတာထက် လူပြောများတာက ပိုများတယ်။ သူ့ရုပ်ရှင်တွေကို ကြည့်ရတာထက် ပြောရတာက ပိုလွယ်တာ ကြောင့်လည်း ဖြစ်ပါတယ်။ လူတစ်ယောက် အိပ်ပျော်နေတာကို ၅ နာရီခွဲ တိတိ ရိုက်ပြထားတာ၊ အင်ပါယာစတိတ် အဆောက်အအုံ ခိုင်မာအောင် ပြု လုပ်နေတာကို ၈ နာရီခွဲ ကြာအောင် ရိုက်ပြထားတာတွေကို အစအဆုံး ထိုင် ကြည့်ဖို့ဆိုတာ မလွယ်ကူပါဘူး။ သူ့ရုပ်ရှင်တွေဟာ အချိန်၊ ငြီးငွေ့ခြင်းနဲ့ ထပ်တလဲလဲ ပြုလုပ်ခြင်းတို့ကို ဖော်ပြနေတာပါ။

mgyoe.com

mgyoe.com SAMPLE BOOK


၁၉၆၈ ခုနှစ်မှာ ဝါးဟိုးလ်ရဲ့ Factory လို့ခေါ်တဲ့ စတူဒီယိုကို လာနေကျသူ တစ်ဦးဖြစ်တဲ့ Valerie Solanas ဆိုတဲ့ အမျိုးသမီးက သူ့ကို သေနတ်နဲ့ ပစ်ခတ်ခဲ့တဲ့အတွက် ဝါးဟိုးလ်ကို ဆေးရုံပို့ခဲ့ရတယ်။ ဆရာဝန်တွေက သူ့ကို သေဆုံးပြီလို့ အတည်ပြုခဲ့ပြီး နောက်ဆုံး ကြိုးစားခြင်းအနေနဲ့ သူ့ရင်ကို ခွဲပြီး နှလုံးခုန်အောင် ပြုလုပ်ပေးခဲ့ရာက မယုံကြည်နိုင်လောက်အောင် ပြန်လည်အသက်ရှင်လာခဲ့တယ်။ သေနတ်ကျည်ဆန်တစ်ခုက သူ့ရဲ့ဆီးအိတ်ကို ထိမှန်ခဲ့တဲ့အတွက် သူ့ရဲ့ကျန်းမာရေးဟာ သိပ်မကောင်းတော့ပါဘူး။ သူ့ရဲ့ နာလန်ထမှုဟာ ကြာရှည်ပြီး အသက်ဆုံးချိန်အထိ နာကျင်မှုတွေကို တစ်ခါတစ်ရံ ပြန်လည်ခံစားရလေ့ ရှိပါတယ်။ ၁၉၈၇ ခုနှစ်မှာ ကွယ်လွန်ခဲ့ပြီး၊ မကွယ်လွန်မီ အနုပညာလက်ရာ များစွာကို ဆက်လက် ဖန်တီးခဲ့ပါတယ်။

**(ယံယံနှင့် စမ်းရေ မှတ်တမ်းပြုသည်)**

mgyoe.com

mgyoe.com SAMPLE BOOK

## ဝါးဟိုးလ်ရဲ့ ကျော်ကြားတဲ့ စကားများ

- အနာဂတ်မှာ လူတိုင်း ၁၅ မိနစ်လောက်တော့ နာမည်ကြီးနိုင်တယ်။

- လူအဖြစ် မွေးဖွားလာရတာ ပြန်ပေးအဆွဲ ခံရတာလိုပါပဲ။
ပြီးတော့ ကျွန်အဖြစ် ရောင်းစားခံရတယ်။

- ပိုက်ဆံရှာတာက အနုပညာ။ အလုပ် လုပ်တာဟာလည်း အနုပညာပါပဲ။
ပြီးတော့ ကောင်းတဲ့ အလုပ်ဟာ အကောင်းဆုံး အနုပညာပါ။

- ငါဟာ စက်ပစ္စည်းတစ်ခု ဖြစ်ချင်တယ်။

- ဝါးဟိုးလ်က အင်တာဗျူးတဲ့သူကို ပြောတယ်။
မင်း ရေးချင်တာ ရေး
မင်း ရေးတာ ငါ ပြောတာပဲ။

- အားလုံး လှနေရင် ဘယ်သူမှ မလှတော့ဘူး။

mgyoe.com

mgyoe.com SAMPLE BOOK

အင်ဒီဝါးဟိုးလ် အသက် ၈၀ ပြည့်သို့ ရည်ညွှန်း၍
ဤစာအုပ်ကို ထုတ်ဝေပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

## မာတိကာ အစဉ်


| | |
|---|---|
| ၁။ အင်ဒီဝါးဟိုးလ်တို့ ကမ္ဘာ | ၈၇ |
| ၂။ မာရ်ရှနတ်နဲ့ ကဗျာ | ၈၈ |
| ၃။ အမည်နာမ အမှတ်တံဆိပ်များ | ၈၉ |
| ၄။ မအောင်မြင်ခဲ့တဲ့ ကဗျာ | ၉၀ |
| ၅။ ဗိသုကာ လောကစံ | ၉၁ |
| ၆။ ရွှေပွဲလာ | ၉၂ |
| ၇။ ဝေဝေဆာဆာ | ၉၃ |
| ၈။ သစ္စာပန်းများ | ၉၄ |
| ၉။ ကမ္ဘာတစ်ခုစာ | ၉၅ |
| ၁၀။ လွတ်တဲ့ ငါး | ၉၆ |
| ၁၁။ So Hollow | ၉၇ |
| ၁၂။ ကြွေတဲ့ ပန်းသီးနဲ့ ငါနဲ့ ကမ္ဘာ | ၉၈ |
| ၁၃။ အလဲအလှယ် | ၉၉ |
| ၁၄။ စကြဝဠာလမ်းညွှန် | ၁၀၀ |
| ၁၅။ ငါ့နာရီ မပျက်ဘူးလို့ ညာမရောင်းကြေး | ၁၀၁ |
| ၁၆။ ရူနာမီ အနုပညာ | ၁၀၂ |
| ၁၇။ ------------- | ၁၀၃ |


mgyoe.com

mgyoe.com SAMPLE BOOK

## အင်ဒီဝါးဟိုးလ်တို့ကမ္ဘာ

ဒီရှန်ပူနဲ့ဆို
သေခြင်းတရားတောင် လန်းဆန်းသွားမလား
ဒီနေကာမျက်မှန်နဲ့ဆို
အနာဂတ်ကို ဖောက်မြင်ရမလား
ဒီဖိနပ်နဲ့ဆို
ဝင်္ကပါအပြင်ဘက်ကို ထွက်နိုင်မှာလား
ကဗျာဖြစ်တဲ့ ကြော်ငြာတွေဟာ
စိတ်ဝင်စားစရာ ကောင်းပါတယ်

အင်္ကျီကို တီထွင်ပြီးထဲက
ငါတို့ဟာ (ဟန်ကိုယ့်ဖို့) သက်သာရာ ရခဲ့ကြ
မျှော်လင့်ခဲ့ကြတဲ့ လှပတဲ့ ကမ္ဘာ
ရေမွှေးများများ ဆွတ်ပါ
ဝတ်စုံထည်လဲ လဲပါ
ထိပ်ပေါက် ခေါင်းကွဲ
အပြင်ထွက်လာတဲ့ ဒဏ်ရာတွေ ဆိုရင်တော့
ရောင်စုံပတ်တီးလှလှ
စည်းပြလိုက်ကြတာပေါ့။ ။

Idea မဂ္ဂဇင်း၊ ဇန်နဝါရီ၊ ၂၀၀၆။

mgyoe.com

mgyoe.com
SAMPLE BOOK


## မာရ်နတ်နဲ့ ကဗျာ

ကလီယိုပါထရာက အလှပြုပြင်ပေးမယ် ဆိုတော့
ကမ္ဘာကြီး ချောပြီပေါ့။
ဟာကြူလီ လောင်ဒရီ ဆိုတော့
ရှိသမျှ ဂျီးတွေ ချွတ်မယ်
ဖြူဆွတ်ဖို့သာ ပြင်ပါတော့။
ဂလိုဘယ်လိုက်ဖေးရှင်း အင်တာနက် ဆိုတော့
ငြိမ်းချမ်းရေးနဲ့ ငါနဲ့
တိုက်ရိုက် ချက်*လို့ ရပြီပေါ့။
မာရ်နတ်နဲ့ ငါ လမ်းလျှောက်လာတုန်း
ဆိုင်းဘုတ်တွေနဲ့ အနုပညာ
အမှားအပြည့် ကမ္ဘာ
ပြောင်းပြန် လှန်ကြည့်နေရတာပဲ။ ။

* chat

Idea မဂ္ဂဇင်း၊ ဖေဖော်ဝါရီ၊ ၂၀၀၆။

mgyoe.com

mgyoe.com SAMPLE BOOK

အမည်နာမ အမှတ်တံဆိပ်များ

ငါ ကဗျာရေးဖြစ်တာ မှားတယ်
ကမ္ဘာလုံးကြီးလို လည်လိုက်တော့
ရိုက်ညီနောင် လေယာဉ်ပျံ တီထွင်ဖြစ်တာ မှားတယ်
ဂူဒင်ဘတ် ပုံနှိပ်စက် တီထွင်ဖြစ်တာ မှားတယ်
အက်ဒီဆင် မီးကို တွေ့ရှိတာ မှားတယ်
အိုင်းစတိုင်း ဆွဲငင်အားကို တွေ့တာ မှားတယ်
နယူတန် တန်ပြန်နိယာမကို တွေ့တာ မှားတယ်

စကြဝဠာ ဈေးကွက်ထဲ
အားလုံး ရောင်းစားခံရတဲ့အခါ

Idea မဂ္ဂဇင်း၊ မတ်၊ ၂၀၀၆။

mgyoe.com

mgyoe.com
SAMPLE BOOK


## မအောင်မြင်ခဲ့တဲ့ ကဗျာ

ရှာရာပိုဗာက
တင်းနစ်ဝတ်စုံနဲ့
စကားလက်ဂျိုဟန်ဆင်က
ပွဲတက်ဝတ်စုံနဲ့
ချားလ်မင်းသားက
နန်းတက်ဝတ်စုံနဲ့
ကမ္ဘာကြီးက
ချူကလီးယားအင်္ကျီ
ဆင်းရဲသားဘောင်းဘီ
အိပ်ချ်အိုင်ဗီ လက်ပတ်နာရီ
လောကခံ တိုလီမိုလီနဲ့

ငါ့ကဗျာမှာ
အဝတ်အစား ပါရဲ့လား

Idea မဂ္ဂဇင်း၊ မေ၊ ၂၀၀၆။

mgyoe.com

## ဝိသုကာ လောကခံ

ကမ္ဘာကို နေရာချထားကတည်းက
နေနဲ့ အကွာအဝေး
လနဲ့ အကွာအဝေး
ချိန်ဆ တပ်ဆင်ပြီးသားပါ

ငါနဲ့ အလွမ်း
အနမ်းတစ်ခုလို
ခွာမရတာကိုက
အချိန်အဆ ကောင်းခဲ့ကြ။

အခုကျမှ
ငါးမန်းတွေကို သက်သတ်လွတ်စားဖို့
တေားဆိုလို့ မရ။ ။

Idea မဂ္ဂဇင်း၊ မေ၊ ၂၀၀၆။

mgyoe.com

mgyoe.com SAMPLE BOOK

## ရွှေပွဲလာ

ဘဝရဲ့ ဆန်းကြယ်မှုတွေ မေ့မောထားမှ
သက်သာရာ ရမှာမို့
ငါတို့ဟာ ဆပ်ကပ်ပြပွဲထဲမှာ
ရွှေပွဲလာ။

ခွေးက မီးကွင်းထဲ ဒိုင်ဗင်ထိုး
လူက ခြသေ့်ပါးစပ်ထဲ ခေါင်းဝင်
ကြိုးတန်းပေါ် လမ်းလျှောက်
ဘားတန်းပေါ် ခုန်လွှဲ
ဆင်တစ်ကောင်လုံး အနင်းခံ
ကျားတစ်ကောင်လုံး အနမ်းခံ
သံချောင်းတွေ စားပြ
ဓားတွေပေါ် အိပ်ပြ။

အိမ်ပြန်ရောက်မှ
ဒီ့ထက် မဖြစ်နိုင်တာတွေ လုပ်ခဲ့တဲ့ ငါ့အရိပ်ဟာ
ရိပ်ခနဲ။ ။

Idea မဂ္ဂဇင်း၊ ဇွန်၊ ၂၀၀၆။

mgyoe.com

mgyoe.com
SAMPLE BOOK


## ဝေဝေဆာဆာ

လူတို့သည်
စကားလုံးများကို ရွေ့ကြည့်ကြ၏။
ကြေကွဲခြင်းကို ဝိုင်နီနီ
ချစ်ခြင်းကို ဂျင်းဘောင်းဘီ
ဆင်းရဲခြင်းကို စံပယ်ပန်း

ဝိုင်နီနီ သောက်ပါ
ဂျင်းဘောင်းဘီ ဝတ်ပါ
စံပယ်ပန်းများ ဝေဆာနေပါသည်။ ။

Idea မဂ္ဂဇင်း၊ ဩဂုတ်၊ ၂၀၀၆။

mgyoe.com

mgyoe.com
SAMPLE BOOK


## သစ္စာပန်းများ

ကမ္ဘာကြီးက
ပစ်ရမှာလည်း ဟမ်ဘာဂါ
စားရမှာလည်း ကြက်တုပ်ကွေး။

ဟေး ...
ငရဲကို
ကိုယ့်ပုံစံနဲ့ကိုယ် တင်ဆက်ရမှာပေါ့တဲ့
လူသားတို့ စွမ်းခဲ့ကြရာ
သစ္စာပန်းများ ဆိုတာ
အမည်နာမ သက်သက်ပါ။ ။

Idea မဂ္ဂဇင်း၊ စက်တင်ဘာ၊ ၂၀၀၆။

mgyoe.com

mgyoe.com
SAMPLE BOOK


## ကမ္ဘာတစ်ခုစာ

မွေးနေ့မှာ ရမယ့် လက်ဆောင်တွေက
ကမ္ဘာတစ်ခုစာ။

လောကကြီး ဆိုတာ
စစ်မြေပြင်မှာ
ချယ်ရီပန်းတွေ ဝေနေပုံပါပဲ။

ငါ့နာမည်ဟာ အတည်ဖြစ်ရဲ့လား
သင့်လို မနာကျင်ဘူးလား
သင့်လို မဆာလောင်ဘူးလား
သင့်လို မသေဆုံးဘူးလား။ ။

Idea မဂ္ဂဇင်း၊ အောက်တိုဘာ၊ ၂၀၀၆။

mgyoe.com

## လွှတ်တဲ့ငါး

ကြယ်တွေ ကြွေမှ
ကောင်းကင်ကြီးက တန်ဖိုးကြီးလာ

ငါတို့ မက်ခဲ့ကြတာ
အိပ်မက် ကြီးကြီး
ငါတို့ မျှားခဲ့ကြတာ
သမုဒ္ဒရာ ကြီးကြီး
ငါတို့ ကြီးခဲ့ကြတာ
ငရဲ ကြီးကြီး

စပျစ်သီး ချဉ်မှာလား
လွှတ်တဲ့ ငါးက
ကမ္ဘာကြီး

Idea မဂ္ဂဇင်း၊ နိုဝင်ဘာ၊ ၂၀၀၆။

mgyoe.com

mgyoe.com

## So Hollow

အရူးမရဲ့ ကိုယ်ဝန်လို
ရှင်းမပြနိုင်စရာ
အနုပညာတွေနဲ့လား။

အိတ်ထဲကို လက်လျှိုလိုက်တော့ ဗလာ
ဘဝထဲကို ခေါင်းထိုးလိုက်တော့ ဗလာ
ကမ္ဘာထဲကို တစ်ကိုယ်လုံး ဝင်လိုက်တော့
ဗလာ ...

So Hollow
အဲဒီ ဟောင်းလောင်းပေါက်
ငါ ကြောက်လာတယ်။ ။

Idea မဂ္ဂဇင်း၊ ဇန်နဝါရီ၊ ၂၀၀၇။

mgyoe.com

mgyoe.com
SAMPLE BOOK


## ကြွေတဲ့ ပန်းသီးနဲ့ ငါနဲ့ ကမ္ဘာ

လူ့ဘဝကြီးကို လာပါတယ်
အာလာဒင် မီးခွက် မပါ
ညွှန်ရာ ရေဖြစ်တဲ့ လက်ညှိုး မပါ
ထိတိုင်း ရွှေဖြစ်တဲ့ လက်လည်း မပါ
တွေ့တိုင်း ပြဿနာဖြစ်တဲ့ ဦးခေါင်းတော့ ပါတယ်။

သိပ္ပံပညာမှာ
ပန်းသီး ကြွေရုံနဲ့
ဆွဲငင်အားကို တွေ့ခဲ့တာ
ငါက
ကမ္ဘာကြီး ရစရာမရှိတော့တာ
ဘာတွေ ကြွေလို့ တွေ့တာလဲ။ ။

Idea မဂ္ဂဇင်း၊ ဖေဖော်ဝါရီ၊ ၂၀၀၇။

mgyoe.com

mgyoe.com SAMPLE BOOK


## အလဲအလှယ်

ဖရိုဖရဲ ဖြစ်သွားရတဲ့ စာလုံးတွေ အားလုံး
ကြည့်လို့ကောင်းတဲ့ အဆုံးအထိ
ငါတို့ ပို့ကြည့်ကြရအောင်
ကြည့်လို့မကောင်းတဲ့ အဆုံးအထိ
ငါတို့ကိုယ် ငါတို့ ပို့ပြီးနောက်

Idea မဂ္ဂဇင်း၊ မတ်၊ ၂၀၀၇။

mgyoe.com

mgyoe.com SAMPLE BOOK

# စကြဝဠာ လမ်းညွှန်

စကြဝဠာလမ်းညွှန်မှာ
တီထွင်မှု မှန်သမျှ
ဘေးထွက်ဆိုးကျိုး ပါဝင်
ဒုံးပျံကြောင့် လူဆိုးတွေ ပိုမြန်လာခြင်း
လျှပ်စစ်ကြောင့် လူဆိုးတွေ ပိုလင်းလာခြင်း
လေယာဉ်ပျံ စီးလာတဲ့ စစ်ပွဲများ
ဘုရားသခင် တီထွင်တဲ့ လူကို ဝယ်လို့ရတဲ့
လူတီထွင်တဲ့ ပေါင်စတာလင် စက္ကူများ
...
ခုတော့လည်းလေ
ချစ်သူ မေရေ
အနုပညာတွေ တီထွင်
ရောဂါတွေ တီထွင်
ကွန်ဒုန်းတွေ တီထွင်
ဒုံးကျည်တွေ တီထွင်
ကမ္ဘာကြီးဟာ တီထွင်မှုတွေနဲ့
အမြဲ သစ်လွင်နေတာပဲ။ ။

Idea မဂ္ဂဇင်း၊ မေ၊ ၂၀၀၇။

mgyoe.com

## ငါ့နာရီ မပျက်ဘူးလို့ ညာမရောင်းကြေး

မည်သည့် စက်ပစ္စည်းမဆို စက်ပျက်တတ်တယ်
သဘာဝတရားလည်း စက်ပျက်တတ်တယ်
လူ့ဘဝလည်း စက်ပျက်တတ်တယ်
ကမ္ဘာကြီးလည်း စက်ပျက်တတ်တယ်
သင် ပျက်တဲ့အခါ
ငါ ပြင်ပေးမယ်
ငါ ပျက်တဲ့အခါ
သင် ပြင်ပေးပါ
တိုင်တန်းနစ် သင်္ဘောကြီးပေါ်မှာ

Idea မဂ္ဂဇင်း၊ မေ၊ ၂၀၀၇။

mgyoe.com

mgyoe.com

## စူနာမီ အနုပညာ

လှိုင်းလုံးကြီးတွေ
အမြန်ဆုံး ရောက်လာမှ
အထင်မကြီးမိလို့ (ဝါ)
အလှတရားမှာ ရှုငေးမိလို့
ငါတို့ အငိုက်မိခဲ့တယ်
အကျအဆုံး များခဲ့တယ်

စူနာမီထဲက ဝိညာဉ်တွေလို
ငါတို့ အနုပညာမှာ
သင်ခန်းစာတွေ ပါပါတယ်

Idea မဂ္ဂဇင်း၊ ဇွန်၊ ၂၀၀၇။

mgyoe.com

mgyoe.com

ကျွန်တော် မတတ်နိုင်သော ကမ္ဘာလောကကြီးထဲသို့ ရောက်ခဲ့သည်
ကျွန်တော် တတ်နိုင်သလောက် ကြိုးစားခဲ့မိသည်။

Idea မဂ္ဂဇင်း၊ ဇွန်၊ ၂၀၀၇။

mgyoe.com

mgyoe.com SAMPLE BOOK

အင်ဒီဝါးဟိုးလ်တို့ ကမ္ဘာအား
၂၀၀၅ အောက်တိုဘာမှ ၂၀၀၇ ဧပြီအထိ ရေးခဲ့ပြီး
၂၀၀၆ ဇန်နဝါရီမှ ၂၀၀၇ ဇူလိုင်အထိ အိုင်ဒီယာမဂ္ဂဇင်းတွင်
ဖော်ပြခဲ့ပါသည်။
၂၀၀၈ တွင် စိတ်ကူးချိုချိုမှ စီစဉ် ထုတ်ဝေနိုင်ခဲ့ပါသည်
အရေးကြီးသော သမိုင်း အဖြစ်အပျက်များနှင့် အနီးဆုံး ပြောရလျှင်
၂၀၀၄ ဇူနာမီအပြီး နောက်ပိုင်းတွင် ရေးဖြစ်ခဲ့ပြီး
၂၀၀၈ နာဂစ်အပြီး နောက်ပိုင်းတွင် ထုတ်ဝေဖြစ်ခဲ့ပါသည်။

**သုခမိန်လှိုင်**

၃၀ ဇွန် ၂၀၀၈။

mgyoe.com

mgyoe.com SAMPLE BOOK

အငြိမ့်

သုခမိန်လှိုင်

၂၀၀၈၊ အောက်တိုဘာ၊ ဓာရုပ်ရေး။

mgyoe.com

mgyoe.com SAMPLE BOOK

# အမှန်အတိုင်း

ဩဂုတ် ၃၀၊ ည ၁၁ နာရီအထိ အငြိမ့်ကဗျာ အစီအစဉ်ကို ရရန် လမ်းစ မတွေ့ခဲ့သေးပါ။ ည ၁၁ နာရီကျော်တော့ ဩဂုတ် ၂၆ က ရေးထားတဲ့ နောင်နှစ်ခါ တန်ဆောင်မုန်း ကဗျာခေါင်းစဉ်ကို ပြန်ဖတ်မိပါသည်။ ကဗျာကို မကြိုက်ပါ။ ခေါင်းစဉ်ကို ငြိသွားပြီး အငြိမ့် အစီအစဉ်ကို မမျှော်လင့်ဘဲ ရေးဖြစ်သွားပါသည်။

တစ်ပုဒ်ပြီးတစ်ပုဒ် ပျော်ပျော်ရွှင်ရွှင် ရေးမိသွားရာ ဩဂုတ် ၃၁ အကူး ၂ နာရီတွင် ကဗျာ ၁၇ ပုဒ် ပြီးသွားပါသည်။ ပြီးပြီဟု ယူဆလိုက်ပြီး အိပ်ရာဝင်ခဲ့ပါသည်။ နံနက် ၆ နာရီတွင် ရေးဖြစ်ပြန်ပြီး ၉ ပုဒ် ထပ်ပြီးသွားပါသည်။ ဒီတစ်ခါတော့ ကဗျာ ၂၆ ပုဒ် တကယ်ပြီးပြီ။ သေချာသွားပါသည်။

လာမယ့် ၁၇၊ အောက်တိုဘာ ၂၀၀၈ ကျွန်တော့် အသက် ၆၀ ပြည့်မွေးနေ့အတွက် ကျွန်တော် အားလုံးကို လက်ဆောင်ပေးရန် ရရှိသွားပါသည်။

**သုခမိန်လှိုင်**

၃၁ ဩဂုတ် ၂၀၀၈။

mgyoe.com

mgyoe.com SAMPLE BOOK

## မာတိကာ အစဉ်


၁။ ပြန်လာပြီတွေ ၁၀၉

၂။ ရှိတယ်တွေ ၁၁၀

၃။ ရှိရာ ၃ ၁၁၁

၄။ စေ ၃ စေ ၁၁၂

၅။ အငြိမ့် ရှိတယ် ၁၁၃

၆။ ရည်းစားစကား ၁၁၄

၇။ သစ်ပြီ ၁၁၅

၈။ နှောင်နှစ်ခါ တန်ဆောင်မုန်း ၁၁၆

၉။ ခေတ်အငြိမ့် ၁၁၇

၁၀။ အားလုံး အသင့်ပြင် ၁၁၈

၁၁။ ကောင်မလေး ရည်းစား ၁၁၉

၁၂။ မင်းမောင်ကြီးအကြောင်း ၁၂၀

၁၃။ အငြိမ့်အကြောင်း စာ ၄ ကြောင်း ၁၂၁

၁၄။ ချစ်ကာံခေ ၁၂၂

၁၅။ ရူပါမင်း မပျံတဲ့ နေ့တွေ ၁၂၃

၁၆။ မြို့မနဲ့ အမာစိန်အငြိမ့် ၁၂၄

၁၇။ အကောင်းဆုံးတွေ ၁၂၅

၁၈။ စိတ်ညစ်တာတွေ ၁၂၆

၁၉။ ရည်းစားစကား ၂ ၁၂၇

၂၀။ အငြိမ့် ကြည့်မှာလား ၁၂၈


mgyoe.com

mgyoe.com SAMPLE BOOK

၂၁။ နည်းနည်းပါးပါး ၁၂၉
၂၂။ ထိုသုံးပါး ၁၃၀
၂၃။ ပြန်မလာ အငြိမ့် ၁၃၁
၂၄။ ရက်စက်မှု ၁၃၂
၂၅။ ပြီးဆုံးခန်း ၁၃၃
၂၆။ ဟာလာဟင်းလင်း ၁၃၄
– မေတ္တာစက်ဝန်းထဲတွင် ကျရောက်သူ မှန်ရင် ၁၃၆

mgyoe.com

mgyoe.com SAMPLE BOOK

## ပြန်လာပြီတွေ

အငြိမ့် ရှိတယ်၊ အငြိမ့် ရှိတယ်
မြို့တော်ပေါ်စံ ပြန်လာပြီ
ဓာတ်ဆီ၊ ဓာတ်ဆံ ပြန်လာပြီ
လေဘာတီမြရင် ပြန်လာပြီ
ရွာစားကြီး စိန်ဗေဒါ ပြန်လာပြီ
နန်းရှေ့ ဆရာတင် ပြန်လာပြီ

ကျွန်တော် ပျော်ပါရစေ
ကျွန်တော် မော်ပါရစေ
ကျွန်တော် ရယ်ပါရစေ

mgyoe.com

mgyoe.com SAMPLE BOOK

## ရှိတယ်တွေ

အငြိမ့် ရှိတယ်
ပွဲဈေးတန်း ရှိတယ်
ကောက်ညှင်းကျည်တောက် ရှိတယ်
ရေမုန့် ရှိတယ်
မုန့်လေပွေ ရှိတယ်
မိုးပျံရဟတ်ကြီး ရှိတယ်
ဆေးမင်ကြောင်ထိုးသံ ရှိတယ်
ရွာဦးကျောင်းဆရာတော် ရှိတယ်
သူကြီး ရှိတယ်
ဆယ်အိမ်ခေါင်း ရှိတယ်
ကွမ်းတောင်ကိုင် မိအေး ရှိတယ်

mgyoe.com

mgyoe.com
SAMPLE BOOK

ရှိရာ ၃

အငြိမ့် ရှိတယ်
ဒီအသံက ကျွန်တော့်ကို ပြန်ခေါ်တယ်
နှပျိုခြင်းများ ရှိရာ
ရယ်မောခြင်း ကြွက်သားများ ရှိရာ
မကုန်မခန်း ခွန်အားများ ရှိရာ

mgyoe.com

mgyoe.com
SAMPLE BOOK

**စေ ၃ စေ**

အငြိမ့် ရှိတယ်
ဆိုင်းသံဗုံသံကြား
အားလုံး နေကောင်းပါစေ
အငြိမ့် ရှိတယ်
မင်းသမီးလေး လှတော့
အားလုံး ချမ်းသာပါစေ
အငြိမ့် ရှိတယ်
လူရွှင်တော်တွေ ရယ်ရတော့
အားလုံး ပျော်ပါစေ

mgyoe.com

mgyoe.com SAMPLE BOOK

# အငြိမ့် ရှိတယ်

အငြိမ့် ရှိတယ်
လော်စပီကာကြီးနဲ့ အော်နေပြီ
အငြိမ့် ရှိတယ်
ကုက္ကိုပြင်ထိပ်ဖျားက အော်နေပြီ
အငြိမ့် ရှိတယ်
အငြိမ့် ရှိတယ်
အကျယ်ကြီး အော်နေပြီ
အငြိမ့် ရှိတယ်

mgyoe.com

mgyoe.com
SAMPLE BOOK

## ရည်းစားစကား

အငြိမ့် ရှိတယ်
မင်းသမီးလေး ရည်းစား ငါထင်တယ်
အငြိမ့် ရှိတယ်
ပြက်လုံးမကောင်းရင် သတင်းစာနဲ့ ရိုက်မယ်
အငြိမ့် ရှိတယ်
လမင်းကြီးက သာတော့
နင့် ငါ ချစ်တာပေါ့

mgyoe.com

## သစ်ပြီ

အငြိမ့် ရှိတယ်၊ အငြိမ့် ရှိတယ်
မင်းသမီးက ဘယ်သူလဲ
လူပြက်တွေက ဘယ်သူတွေလဲ
ဆိုင်းဆရာက ဘယ်သူလဲ
တေးဆရာက ဘယ်သူလဲ

တစ်ခါမှ မကြားဖူးဘူး
အသစ်တွေ ...
ဟာ ... သစ်ပြီ
ဒီည ကြည့်ဖြစ်အောင် ကြည့်မယ်

mgyoe.com

mgyoe.com SAMPLE BOOK

## နှောင်နှစ်ခါ တန်ဆောင်မုန်း

အငြိမ့် ရှိတယ်
မင်းသမီး ကောင်းတယ်၊ လူပြက် ကောင်းတယ်
ဆိုင်းဆင့်သံ ကြားတော့
နှောင်နှစ်ခါ တန်ဆောင်မုန်း
မင်းက နေဦးမှာလား
ငါက နေဦးမှာလား
မင်းဘကြီးက နေဦးမှာလား

mgyoe.com

mgyoe.com
SAMPLE BOOK


## ခေတ်အငြိမ့်

အငြိမ့် ရှိတယ်၊
မင်းသမီးက အင်ဂျလီနာဂျိုလီ
လူပြက်ကြီး နှစ်ယောက်က
ဂျော့ဘုရှ်နဲ့ ဘင်လာဒင်
မရယ်ရလို့
ကျွန်တော် အစောကြီး အိပ်ပျော်တယ်

mgyoe.com

mgyoe.com SAMPLE BOOK

## အားလုံး အသင့်ပြင်

အငြိမ့် ရှိတယ်
လှည်းနဲ့ နွား ပြင်
အငြိမ့် ရှိတယ်
ဖျာနဲ့ စောင် ပြင်
အငြိမ့် ရှိတယ်
ကွမ်းအစ်နဲ့ လက်ဖက် ပြင်
အငြိမ့် ရှိတယ်
ရေနွေးကြမ်းနဲ့ မြည်းစရာ ပြင်
အရိုးလေးလည်း မကျန်စေနဲ့
ဘဒွေးလည်း မကျန်စေနဲ့
မိအေးလည်း မကျန်စေနဲ့
အငြိမ့် ရှိတယ်
နှလုံးသား ပြင်

mgyoe.com

mgyoe.com
SAMPLE BOOK


## ကောင်မလေး ရည်းစား

အငြိမ့် ရှိတယ်
ကောင်မလေး ရည်းစား ငါ သိတယ်
အနီရောင်အင်္ကျီနဲ့၊ စာတိုက်ပုံး
ကောင်မလေး ရည်းစား ငါ သိတယ်
အရပ်ရှည်ရှည်၊ ဓာတ်တိုင်
ကောင်မလေး ရည်းစား ငါ သိတယ်
နှုတ်ခမ်းမွေးနဲ့၊ ငါးခူကြော်

mgyoe.com

mgyoe.com
SAMPLE BOOK

## မင်းမောင်ကြီးအကြောင်း

အငြိမ့် ရှိတယ်
မိအေးရယ် သနပ်ခါး ပါးကွက်ကြားနဲ့ သိပ်လှတယ်
ပွဲဈေးတန်းမှာ လူက ကျပ်တယ်
ပွဲခင်းထဲမှာ လူက ညပ်တယ်
ပွဲညထဲမှာ လူပျောက်ကြော်ငြာသံ ငါ ကြားတယ်
မင်း ပျောက်သွားမှာ ငါ ကြောက်တယ်
မင်းမောင်ကြီး ကျားကိုက်ပါလိမ့်မယ်

mgyoe.com

mgyoe.com

# အငြိမ့်အကြောင်း စာ ၄ ကြောင်း

အငြိမ့် ရှိတယ်
မင်းသမီးလေးကိုတော့ ချစ်တယ်
လူပြက်ကြီးတွေကိုတော့ ကျေးဇူးတင်တယ်
(အော်ပရာမှာ) ပုဏ္ဏားတွေကိုတော့ မုန်းတယ်

mgyoe.com

mgyoe.com SAMPLE BOOK

## ချစ်ကံခေ

အငြိမ့် ရှိတယ်
မင်းသမီးလေးက ပြောတယ်
ဘာပြောလဲ
ကမ္ဘာလဆန်း ၁ ရက်နေ့မှာ ပြန်ချစ်မယ်တဲ့
ဟာ ...
သေပါတော့ကွာ
ကမ္ဘာလဆန်း ၁ ရက်နေ့မှ မရှိတာ

mgyoe.com

mgyoe.com

## စူပါမင်း မပျံတဲ့ နေ့တွေ

အငြိမ့် ရှိတယ်
မုသားမပါ လက်ာမချော
ကျွန်တော် မညာပါဘူး
စူပါမင်းလို ပျံပြမယ် ...
လူဆိုးတွေကို ထိုးပြမယ် ...

ပျောက်နေတဲ့ ရယ်မောစရာတွေ
ပြန်ရှာပေးချင်တာပါ
ဒါက စူပါမင်းထက် အရေးကြီးတယ်

mgyoe.com

mgyoe.com SAMPLE BOOK

# မြို့မနဲ့ အမာစိန်အငြိမ့်

အငြိမ့် ရှိတယ်
အမာစိန်အငြိမ့် ရှိတယ်
တီဗီထဲမှာ
မြို့တော်ဦးပေါ်စံနဲ့ ဦးတက်တိုး ပြက်လုံးထုတ်တယ်
မင်း ကြက်သီချင်း ရလား
ရတာပေါ့
ဒါဖြင့် ... ဆိုစမ်း
မနေ့ကလာတဲ့ အစ်ကိုနဲ့
ဒီနေ့လာတဲ့ အစ်ကို
မတူပါလား အစ်ကို

mgyoe.com

## အကောင်းဆုံးတွေ

အငြိမ့် ရှိတယ်
အကောင်းဆုံး အမောက်ထောင်မယ်
အငြိမ့် ရှိတယ်
အကောင်းဆုံးအင်္ကျီ ဝတ်မယ်
အငြိမ့် ရှိတယ်
အကောင်းဆုံးပုဆိုးနဲ့ ပွဲတိုးမယ်
အငြိမ့် ရှိတယ်
အကောင်းဆုံး သွားမယ်

mgyoe.com

mgyoe.com
SAMPLE BOOK


## စိတ်ညစ်တာတွေ

အငြိမ့် ရှိတယ်
မင်း စိတ်ညစ်တာတွေ မပြောနဲ့
အငြိမ့် ရှိတယ်
ငါ
စိတ်ညစ်တာတွေ မပြောဘူး
အငြိမ့် ရှိတယ်
မင်း ကြားတဲ့ ပြက်လုံးတွေ ငါ့ကို ပြောပါ
အငြိမ့် ရှိတယ်
ငါ ကြားတဲ့ ပြက်လုံးတွေ မင်းကို ပြောမယ်
အငြိမ့် ရှိတယ်
စိတ်ညစ်တာတွေ မပြောကြေး

mgyoe.com

mgyoe.com

## ရည်းစားစကား ၂

အငြိမ့် ရှိတယ်
လူရွှင်တော်ကြီးက ပြောတယ်
ဟေ့ ... ကောင်မလေး ... ပင်လယ်စားပြ
ပင်လယ်က မကျယ်ဘူးလား၊ ကျယ်တယ်
စားပြက မတိုက်ဘူးလား၊ တိုက်တယ်
ကျယ်တိုက်၊ ကြိုက်တယ်
နင့်ကို ငါ ချစ်တယ်

mgyoe.com

mgyoe.com
SAMPLE BOOK

## အငြိမ့် ကြည့်မှာလား

အငြိမ့် ရှိတယ်
မင်းသမီးလေး ချောလား
အငြိမ့် ရှိတယ်
လူပြက်ကြီးတွေ ရယ်ရလား
အငြိမ့် ရှိတယ်
ဆိုင်း ကောင်းလား
အငြိမ့် ရှိတယ်
အငြိမ့် ကြည့်မှာလား
တရားသူကြီး လုပ်မှာလား

mgyoe.com

mgyoe.com
SAMPLE BOOK


## နည်းနည်းပါးပါး

အငြိမ့် ရှိတယ်
ကျွန်တော် ဒီလို ကဗျာဖွဲ့တယ်
အများကြီး မရည်ရွယ်ပါဘူး
နည်းနည်းပါးပါး ပျော်ရုံလောက်ပါ
နည်းနည်းပါးပါး လွမ်းရုံလောက်ပါ

ဒါမှ
တစ်ဖက်နဲ့တစ်ဖက် ကူညီနိုင်မှာလေ

mgyoe.com

mgyoe.com
SAMPLE BOOK

## ထိုသုံးပါး

အငြိမ့် ရှိတယ်
တစ်ရွာလုံး ပျော်နိုင်ရန်
မြို့မငြိမ်းရဲ့ ထိုသုံးပါး
ဘုရား ကယ်ပါစေ

mgyoe.com

mgyoe.com SAMPLE BOOK

## ပြန်မလာ အငြိမ့်

အငြိမ့် ရှိတယ်
လူပြက်ကြီးက ပြောတယ်
ငါ့ဘကြီး သေတော့ကွာ
ပြန်မလာတော့ဘူး
ငါက ပြန်လာဦးမယ် မှတ်နေတာ

သြော် တစ်နေ့၊ တစ်နေ့
အဖေ၊ အမေတွေ
ချစ်တဲ့သူတွေ
ငါက ပြန်လာဦးမယ် မှတ်နေတာ

mgyoe.com

mgyoe.com

## ရက်စက်မှု

အငြိမ့် ရှိတယ်
မင်းသမီးလေးကို မမေ့တော့ဘူး
ပြက်လုံးတွေကို မမေ့တော့ဘူး
သီချင်းဆန်းတွေ မမေ့တော့ဘူး

မီးရောင်စုံအောက်မှာ
ပြုံးပြုံးပြက်ပြက်
ဒီရက်စက်မှုကို မမေ့တော့ဘူး

mgyoe.com

mgyoe.com
SAMPLE BOOK


ပြီးဆုံးခန်း

အငြိမ့် ရှိတယ်
မိုးစင်စင် လင်းခဲ့ပြီ
အငြိမ့် ပြီးပြီ
အပျော်တွေ ကျန်ခဲ့ပြီ

mgyoe.com